# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ**

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏၊ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏၊ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(ဓမ္မပဒ-၁၆)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 September 2023 ၁၁၂၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများ ရရှိရုံသာမက မိမိတို့၏ဒေသအတွင်း၊ နိုင်ငံတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုစသည့် အကျိုးကျေးဇူးများလည်း ရရှိစေရန် စွမ်းဆောင်ပေးသည်မှာ ထင်ရှား**

# စာတတ်မြောက်မှု အများသူငါတို့၏ မြောက်ပင့် စည်းရုံး ဆွဲဆောင်မှုတို့အပေါ် ဝေဖန်ပိုင်းခြားနိုင်မည်

**နေပြည်တော် စက်တင်ဘာ ၁၉**

ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


**မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ**
စာမျက်နှာ » ၉

**အွန်လိုင်းပေါ်မှ လိမ်လည်မှုတွေ၊ လောင်းကစားမှုတွေ သတိထားပါ**
ဆောင်းပါး စာမျက်နှာ » ၁၁

**နိုင်ငံခြားငွေများ ဝယ်ယူရောင်းချ လဲလှယ်ပေးခွင့် လိုင်စင် ရုပ်သိမ်းကြောင်း ထုတ်ပြန်ကြေညာ**
စာမျက်နှာ » ၁၂

**အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်**
စာမျက်နှာ » ၁၇

# နိုင်ငံများနှင့်ပူးပေါင်းလက်တွဲစီးပွားမြှင့်တင်

(၇)ကြိမ်မြောက် အာဆီယံ-တရုတ် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ်အခမ်းအနားနှင့် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတို့ကို တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအစိုးရတာဝန်ရှိသူများနှင့်စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်၊ စီးပွားရေးမြှင့်တင်နိုင်စေရန် အာဆီယံ-တရုတ်နိုင်ငံများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်မှုများသည် မြန်မာနိုင်ငံအတွက် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါသည်။

အာဆီယံ-တရုတ်ကုန်စည်ပြပွဲကြီးကို နန်နင်းမြို့တွင် ၂၀၀၄ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုအခါ အကြိမ် (၂၀) မြောက် ရှိပြီဖြစ်သည်။ တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုနယ်မြေပေါ်ပေါက်လာခြင်းနှင့်အတူ နှစ်စဉ်ကျင်းပနိုင်ခဲ့သည့် စီးပွားရေးအခင်းအကျင်းများက ကမ္ဘာ့စီးပွားအကျပ်အတည်းများကို မြန်မာနိုင်ငံပါဝင်သည့် အာဆီယံ-တရုတ်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်လွှားသွားနိုင်မည်ဖြစ်သည်။ အာဆီယံ-တရုတ်ချိတ်ဆက်မှုများမှသည် ကမ္ဘာ့ဈေးကွက်သို့ ဖြန့်ကြက်နိုင်မည်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းများနှင့် ကြုံတွေ့နေရချိန်တွင် အာဆီယံ-တရုတ် လွတ်လပ်သောစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကျော်လွှားသွားနိုင်ပြီး ကမ္ဘာပေါ်တွင် အင်အားတောင့်တင်းသည့် စီးပွားရေးနယ်မြေဖြစ်လာမည်ဖြစ်သည်။

လွတ်လပ်သောစီးပွားရေးနယ်မြေ ပေါ်ထွန်းလာသည်နှင့်အမျှ လွတ်လပ်သောစီးပွားရေးပိုင်ဆိုင်ခွင့်များကို ရရှိလာမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အဘက်ဘက်၌ အခြားနိုင်ငံများနှင့်ရင်ပေါင်တန်းပြီး လွတ်လပ်စွာယှဉ်ပြိုင်နိုင်ခွင့် အရည်အသွေးများပြည့်မီနေစေရန် နိုင်ငံအချင်းချင်း ပေါင်းစပ်ချိတ်ဆက်ပြီး အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲကြိုးပမ်းကြရမည်ဖြစ်သည်။ ရရှိလာသောအခွင့်အလမ်းများကို နိုင်ငံအတွက် လက်တွေ့အသုံးချကာ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရည်မှန်းချက်များ ပြည့်ဝလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ အဓိကအားပြုသည့်နိုင်ငံဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိုက်ပျိုးရေးကဏ္ဍတွင် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် အရေးကြီးသည်။ ကိုဗစ်လွန်ကာလ၌ နောက်ဆက်တွဲဆိုးကျိုးများကို ကျော်လွှားနိုင်ရန်အတွက် အာဆီယံဒေသ ပြန်လည်ထူထောင်နိုင်ရေး ပြီးပြည့်စုံသောလုပ်ငန်းစဉ်များပါဝင်သည့် မူဘောင်တစ်ခု ရေးဆွဲအတည်ပြုခဲ့သည်။ အဆိုပါမူဘောင်တွင်ပါဝင်သည့် မဟာဗျူဟာ (၅) ရပ်အနက် အာဆီယံနိုင်ငံများအကြား ဈေးကွက်နှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာ အသွင်ကူးပြောင်းရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် အချက်နှစ်ချက်ကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာဆီယံနိုင်ငံများ၏ အရေးကြီးသောကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအတွက်လည်း အရေးပါသည့်ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်သည်။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအရ ဒေသတွင်း စားရေရိက္ခာတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်စေမည့် စီးပွားရေးလုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာဆောင်ရွက်သွားနိုင်ရန် အရေးကြီးသည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကို အခြေခံဆောင်ရွက်သောနိုင်ငံဖြစ်သော်လည်း နည်းပညာပိုင်းဆိုင်ရာတွင် အားနည်းချက်များသဖြင့် စိုက်ပျိုးထုတ်ကုန် အရည်အသွေးမြှင့်ထုတ်လုပ်ရေး၌ လိုအပ်ချက်များရှိနေသည်။ စိုက်ပျိုးထုတ်ကုန်ကဏ္ဍများတွင် အခြားနိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများကို အားထားသုံးစွဲနေသည်မှာ လက်တွေ့ပင်ဖြစ်သည်။

(၇)ကြိမ်မြောက် အာဆီယံ-တရုတ် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖိုရမ်ဖွင့်ပွဲအပြီးတွင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံလယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကော်မတီအစည်းအဝေး၌ အလားအလာကောင်းများရရှိခဲ့သည်။ နှစ်နိုင်ငံလယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ မျိုးစေ့နှင့် ဗီဇအရင်းအမြစ်များ အပြန်အလှန်ဖလှယ်နိုင်ရေး၊ စိုက်ပျိုးရေးသိပ္ပံဆိုင်ရာ သုတေသနစီမံကိန်းများ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အပူပိုင်းဒေသသီးနှံဆိုင်ရာ စံပြ စိုက်ခင်းများထူထောင်ရေးတို့ကို အသေးစိတ်ဆွေးနွေးနိုင်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံဘက်မှ ဓာတ်ခွဲခန်းဆိုင်ရာကျွမ်းကျင်သူများအတွက် မွမ်းမံသင်တန်းများ၊ မြစ်ဝကျွန်းပေါ်ဒေသရှိ ရေငန်တားတာနှင့် ရေထိန်းတံခါးများ တည်ဆောက်ရေးအတွက် စူးစမ်းလေ့လာရေးလုပ်ငန်းများ၊ လယ်ယာသုံးစက်ကိရိယာပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရေငန်နှင့် ရေချို ငါးမျိုးစိတ်များ မျိုးဗီဇမြှင့်မွေးမြူခြင်းဆိုင်ရာ နည်းပညာအထောက်အပံ့များရရှိရေး၊ ခေတ်သစ်ငါးမွေးမြူရေးဇုန် တည်ဆောက်ရေး၊ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်ခြင်း စသည်တို့ကို ဆွေးနွေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ၏လိုအပ်ချက်အရ ဈေးကွက်မြှင့်တင်ရေးနှင့် နည်းပညာအကူအညီ အထောက်အပံ့များကို အာဆီယံ-တရုတ်ဒေသတွင်း နိုင်ငံများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး လွတ်လပ်သောကုန်သွယ်မှုဒေသ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာရေးတို့ကို ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက်
## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
## ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# လပွတ္တာမြို့၌ စာပေနှင့် သတင်းမီဒီယာဆိုင်ရာ ဆွေးနွေးဟောပြော



**လပွတ္တာ စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး၊ သတင်းမီဒီယာသမားတိုင်း ကျင့်ဝတ်နှင့်အညီ လွတ်လပ်စွာ သတင်းရယူ ရေးသားကြစေရေးနှင့် လုပ်ကြံဖန်တီးထားသော သတင်းတုသတင်းမှားများ ကျေပျက်အောင်ချေဖျက်နိုင်စေရေးတို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့ရှိ ခရိုင်မြို့နယ်များသို့ သွားရောက်လှည့်လည်ကာ အတွေ့အကြုံ အတွေးအမြင်များ ဆွေးနွေးခြင်း၊ အသိပညာပေး ဟောပြောခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက လပွတ္တာမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ဦး၊ ကောင်စီဝင် ဦးနေလင်း (မောင်ချိုဝေ)တို့က ဦးဆောင်ဆွေးနွေးဟောပြောကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဦးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ သတင်းဌာနများမှ သတင်းမီဒီယာသမားများနှင့် စာရေးဆရာများ၊ စိတ်ပါဝင်စားသူများ စုစုပေါင်းအင်အား၁၀၀ကျော်ခန့်တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

| ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၉ - ၉ -၂၀၂၃ | | | | |
|---|---|---|---|---|
| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၀ | ၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၆၈၄ | ၂,၀၈၉,၄၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၅ | ၃၇,၅၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၂,၂၃၆ | ၃,၈၀၁,၂၀၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၀ | ၀ |
| EFR | ၂,၂၀၀ | ၂,၂၀၀ | ၅၀၃ | ၁,၁၀၇,၆၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၀ | ၁၄၇,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၁၁ | ၁၉,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးအတွက် ဘတ်ဂျက်မလို စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုကို ကမ္ဘာသိဖြန့်ဝေနိုင်ခြင်း၊ နိုင်ငံတကာစာတတ်မြောက်ရေး သက်ကြီးဖတ်စာများ၊ စာစဉ်များ ဖြန့်ဝေနိုင်ခြင်းတို့အတွက် ယူနက်စကိုက "နိုမာဆု"ကို ထပ်မံချီးမြှင့်ခြင်းခံခဲ့ရသည်အထိ ကမ္ဘာသိလှုပ်ရှားမှုအဖြစ် အောင်မြင်မှုရရှိခဲ့သည်ကို တွေ့ရမည်

❖ ယင်းသို့ ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးသည် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုစဉ်က မြန်မာတစ်နိုင်ငံလုံး ၃၀၈ မြို့နယ်ရှိသည့်အနက်မှ ၂၉၇ မြို့နယ်အထိ ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်ကောင်းများရရှိပြီး သန်းနှင့်ချီသော ပြည်သူများ စာတတ်မြောက်လာခဲ့သည်အထိ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်

❂ ရှေ့ဖုံးမှ

ဦးစွာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံရှိ ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန် ပြုလုပ်သည့် ညှိနှိုင်း အစည်းအဝေးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဩဂုတ် ၃၀ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၄/၂၀၂၃)တွင် ကျေးလက်နေပြည်သူများ အပါအဝင် ဒေသခံတိုင်းရင်းသားများ၏ စာတတ်မြောက်မှုနှင့်အတန်းပညာ တတ်မြောက်မှုအားနည်းသည်ကို တွေ့ရှိရသည့်အတွက် ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး "ဝ၊ ထ၊ က၊ လ၊ သ" စီမံကိန်းကို မိမိတို့ကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း။

**စာတတ်မြောက်မှုမြင့်မားခဲ့**

သမိုင်းကြောင်းကို ပြန်ကြည့်ပါက ရှေးမြန်မာမင်းများလက်ထက် မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် စာမတတ်သူနည်းပါးပြီး စာတတ်မြောက်သူ များပြားခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ရှေးမြန်မာမင်းများ၏ အားပေးမှုနှင့် ဘုန်းတော်ကြီးကျောင်းများ၏ သင်ကြားမှုကြောင့် စာတတ်မြောက်မှုမြင့်မားခဲ့ခြင်းဖြစ်သည်ကို ပြည်တွင်း၊ ပြည်ပ သမိုင်းအထောက်အထားများအရ အခိုင်အမာသိရှိကြောင်း။

မိမိတို့နိုင်ငံ အင်္ဂလိပ်၊ ဂျပန်၊ အင်္ဂလိပ် ကိုလိုနီခေတ် ကျွန်သပေါက် ကျရောက်ချိန်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရပြီး လွတ်လပ်ရေးရပြီးနောက် ၁၉၆၄ ခုနှစ်မှ စာတတ်မြောက်ရေးလှုပ်ရှားမှု စတင်ဆောင်ရွက်ခဲ့ရာ ၁၉၇၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ ၆၆ ဒသမ ၉ ရာခိုင်နှုန်း၊ ၁၉၈၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ ၇၆ ဒသမ ၆ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ ၈၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၈၉ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးစာတတ်မြောက်မှုရှိခဲ့သည်ကို ထုတ်ပြန်ထားကြောင်း၊ ၂၀၁၄ ခုနှစ်တွင် လူဦးရေသန်းခေါင်စာရင်းအရ မူလတန်းပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသည့် ကလေးပေါင်း ၂ ဒသမ ၇ သန်းခန့်ရှိပြီး အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူပေါင်း ၃ ဒသမ ၅၅ သန်းခန့်ရှိနေကြောင်းကို ထုတ်ပြန်ထားကြောင်း၊ အလားတူ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအရ နိုင်ငံအတွင်းတွင် အသက် ၁၅ နှစ်နှင့်အထက် စာမတတ်သူပေါင်းသည် ၄ ဒသမ ၁ သန်းခန့်ရှိကြောင်း ထုတ်ပြန်ထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် အမျိုးသမီး စာမတတ်မြောက်သူ ရာခိုင်နှုန်းသည် အမျိုးသားများထက် မြင့်မားကြောင်းကို တွေ့ရှိရကြောင်း။

**စံပြပုံစံအဖြစ်အသိအမှတ်ပြုခံခဲ့ရ**

ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်က ပညာခေတ်တွင် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများ၏ ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်သွားရန်၊ ယခင်မိမိတို့နိုင်ငံတွင် "အ" သုံးလုံးသင်တန်းများ သင်ကြားပေးခဲ့ရာ အောင်မြင်မှုများရရှိခဲ့သဖြင့် ကမ္ဘာပေါ်တွင် စံပြပုံစံအဖြစ် အသိအမှတ်ပြုခံခဲ့ရကြောင်း၊ "အ" သုံးလုံး သင်တန်းများမှတစ်ဆင့် စာပေဖတ်ရှုမှုကို စိတ်ဝင်စားလာပြီး ပညာတတ်မြောက်လိုစိတ်များ ဖြစ်ပေါ်လာနိုင်၍ ကျောင်းပြင်ပ ပညာရေး (Non-Formal Education) ဖြင့် မူလတန်းပညာ KG+5 အထိ သင်ကြားပေးနိုင်ကြောင်း၊ ထိုမှတစ်ဆင့် KG+9 ကို သင်ကြားပေးနိုင်မည်ဖြစ်ကြောင်းဖြင့် စက်တင်ဘာ ၁ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)တွင် အကျယ်တဝင့် လမ်းညွှန်ထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားမှုသည် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပခဲ့သည့် နိုင်ငံတကာ စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် သတ်မှတ်သည့် ၁၉၆၆ ခုနှစ်ထက် နှစ်နှစ်စောပြီး စတင်ဆောင်ရွက်ခဲ့ကြောင်း၊ စာတတ်မြောက်ရေးကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ လက်ထက်တွင် "အ" သုံးလုံး ဖခင်ကြီးဖြစ်သော ပညာရေးအထူးအရာရှိ(ဆရာအတတ်သင်) "ဆရာကြီး ဦးသံဖျင်"က ပညာရေးဝန်ကြီးဌာနသို့ စာမတတ်သူပပျောက်ရေး "အ"သုံးလုံး စီမံကိန်းကြီးကို ဆောင်ရွက်ခွင့် တောင်းခံခြင်းမှ စတင်ခဲ့သည်ဟု လေ့လာသိရှိရကြောင်း၊ ၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် မိတ္ထီလာမြို့နယ် အရှေ့သဖန်းစံပြကျေးရွာ၌ "အ"သုံးလုံးကျေသင်တန်းကို မူလတန်းဆရာဖြစ်သင်တန်းမှ ဆရာသုံးဦးနှင့် အလယ်တန်းဆရာဖြစ်သင်တန်းမှ ဆရာတစ်ဦးတို့က ပထမဆုံးစမ်းသပ်ဖွင့်လှစ်ခဲ့ပြီး အဆိုပါသင်တန်းသို့ "အ" သုံးလုံးသင်တန်းသား ၂၀၀ ခန့်တက်ရောက်သင်ကြားခဲ့ကြောင်း၊ တစ်လကုန်၍ စစ်ဆေးပြီးသောအခါ သင်တန်းသား ၁၀၀ ခန့် စာတတ်မြောက်ခဲ့ကြောင်းကို တွေ့ရှိရကြောင်း။

**ပါဝင်လုပ်အားပေးခဲ့ကြ**

တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ စေတနာလုပ်အားပေး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ်များမှ ဆရာ ဆရာမများက ပါဝင် လုပ်အားပေးခဲ့ကြကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများ ကျောင်းပိတ်ချိန်တွင် တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ စေတနာလုပ်အားဖြင့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့ပြင် ရပ်ရွာအတွင်းရှိ အခြေခံပညာအထက်တန်း အောင်မြင်သူများ၊ သင်ယူဖူးသူများနှင့် ဘွဲ့ကြိုဘွဲ့ရ စေတနာလုပ်အားပေးများကလည်း အဆိုပါလှုပ်ရှားမှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်ကို မှတ်တမ်းများအရ သိရှိရကြောင်း။

ထို့ကြောင့် ၁၉၇၁ ခုနှစ်တွင် မိတ္ထီလာခရိုင်လုံးကျွတ် စာတတ်မြောက်ရေး အောင်ပွဲကို ကျင်းပနိုင်ခဲ့ပြီး နယ်မြေခံလူထု ရှစ်သောင်းကျော်နှင့်အတူ တစ်နိုင်ငံလုံးမှ သတင်းစာဆရာများ စုံစုံလင်လင် တက်ရောက်ကျင်းပနိုင်ခဲ့ရာ အဆိုပါလူထုလှုပ်ရှားမှုဖြင့် စာမတတ်သူပပျောက်ရေး ဆောင်ရွက်ချက်ကိုလည်း ယူနက်စကိုက အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် "မိုဟာမက်ရေဇာပါလာဗီဆု"ကို ၁၉၇၁ ခုနှစ် စက်တင်ဘာ ၈ ရက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် မြန်မာနိုင်ငံကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း။

ထို့အပြင် ၁၉၈၄ ခုနှစ်တွင် ဆရာကြီး ဦးသောင်းထွန်းက ဂျာမနီနိုင်ငံ အနောက်ဘာလင်၌ ကျင်းပခဲ့သည့် စာတတ်မြောက်ရေးညီလာခံတွင် Burmese Way to Literacy စာတမ်း တင်သွင်းခဲ့ရာ **မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးအတွက် ဘတ်ဂျက်မလို စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုကို ကမ္ဘာသိ ဖြန့်ဝေနိုင်ခြင်း၊ နိုင်ငံတကာစာတတ်မြောက်ရေး သက်ကြီးဖတ်စာများ၊ စာစဉ်များ ဖြန့်ဝေနိုင်ခြင်းတို့အတွက် ယူနက်စကိုက "နိုမာဆု"ကို ထပ်မံချီးမြှင့်ခြင်း ခံခဲ့ရသည်အထိ ကမ္ဘာသိလှုပ်ရှားမှုအဖြစ် အောင်မြင်မှုရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးသည် လူထုလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုစဉ်က မြန်မာတစ်နိုင်ငံလုံး ၃၀၈ မြို့နယ်ရှိသည့်အနက်မှ ၂၉၇ မြို့နယ် အထိ ဆောင်ရွက်နိုင်ခဲ့သည့် ရလဒ်ကောင်းများရရှိပြီး သန်းနှင့်ချီသောပြည်သူများ စာတတ်မြောက် လာခဲ့သည်အထိ အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်**ကြောင်း။

ယခု ၂၀၂၃ ခုနှစ် (၅၇)နှစ်မြောက် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် **"တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်းကမ္ဘာကြီးသို့ ကူးပြောင်းဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့"** ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများ ရရှိရုံသာမက မိမိတို့၏ ဒေသအတွင်း၊ နိုင်ငံတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုစသည့် အကျိုးကျေးဇူးများလည်းရရှိစေရန် စွမ်းဆောင်ပေးကြောင်းကို ထင်ရှားစေခြင်းဖြစ်ကြောင်း၊ **နိုင်ငံတော်နှင့်ပြည်သူများ ဦးတည်လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စု တည်ဆောက်နေချိန်တွင် ယင်းစနစ်ကို အကောင်အထည်ဖော်မည့် ပုဂ္ဂိုလ်များနှင့် လိုက်နာကြရမည့်ပုဂ္ဂိုလ်များသည် စာတတ်မြောက်ရန်နှင့် အတန်းပညာတတ်မြောက်နေရန် လိုအပ်သကဲ့သို့ ဒေသခံတိုင်းရင်းသားများကလည်း မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည့်မြန်မာစာကိုတတ်မြောက်နေရန် လိုအပ်သည့်အတွက် စာတတ်မြောက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်**ကြောင်း။

**ဝေဖန်ပိုင်းခြားနိုင်မည်**

စာတတ်မြောက်မှု အများသူငါတို့၏ မြောက်ပင့် စည်းရုံး ဆွဲဆောင်မှုတို့အပေါ် ဝေဖန် ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း၊ စာတတ်မြောက်မှုမှ စာပေဖတ်ရှုလေ့လာလိုစိတ် ရှိလာမည်ဖြစ်ပြီး စာပေလေ့လာဖတ်ရှုမှုလည်း မိမိကိုယ်နှင့် မိမိပတ်ဝန်းကျင်ကို ထိန်းကျောင်းနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ နိုင်ငံအတွင်း အချို့ မြို့နယ်များနှင့် နယ်စပ်ဒေသအချို့တွင် ဖြစ်ပေါ်နေလျက်ရှိသည့် အကြမ်းဖက်မှုများသည် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၁၅ နှစ်အထက် စာမတတ်သူ ၄ ဒသမ ၁ သန်း၏ နောက်ဆက်တွဲ အကျိုးဆက်များကြောင့်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဤနေရာတွင် ဆရာတော်ရှင်မဟာရဋ္ဌသာရက "ဇေယျတုပုဒ်" တွင် "သုစိပုဘာ ဝိလိသိခါ" အက္ခရာ ရှစ်လုံးကို ဆရာတော်၏ စာသင်သား တပည့်များကို နေ့စဉ် ကျင့်သုံးလိုက်နာရမည့်အချက်အဖြစ် ညွှန်ပြထားသည်ကိုတွေ့ရကြောင်း၊ ထိုအက္ခရာ ရှစ်လုံး၏ အနက်အဓိပ္ပာယ်မှာ သုဏေယျ-ကြားနာရာ၏၊ စိန္တေယျ-ကြံစည်ရာ၏၊ ပုစ္ဆေယျ- မေးမြန်းရာ၏၊ ဘာသေယျ- ပြောဆို ဆွေးနွေးရာ၏၊ ဝိစာရေယျ- စူးစမ်း ဆင်ခြင်ရာ၏၊ လိခေယျ- ရေးမှတ်ရာ၏၊ သိက္ခေယျ- လေ့ကျင့်ရာ၏၊ ခာရေယျ-နှုတ်တက်ဆောင်ရာ၏ဟု ဖော်ပြထားကြောင်း၊ ယင်းအဓိပ္ပာယ်နှင့် ရတုစာပုဒ်ကိုကြည့်ခြင်းဖြင့် စာတတ်မြောက်မှုသည် မည်မျှအရေးကြီးသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ စာတတ်မြောက်မှ အဆင့်အတန်းပညာကိုလည်း ဆက်လက်သင်ယူတတ်မြောက်ပြီး "ပညာရွှေအိုး လူမခိုး"၊ "အလိမ္မာစာမှာရှိ" ဆိုသကဲ့သို့ မိမိကိုယ်တိုင် အမှားအမှန်၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြား ဆင်ခြင်နိုင်ကာ မမှားသင့်သည်ကို မမှားရအောင် မိမိနှင့် ပတ်ဝန်းကျင်ကို ထိန်းကျောင်းပဲ့ပြင်နိုင်မည်ဖြစ်ကြောင်း၊ ရှေးမြန်မာမင်းများလက်ထက် ကုဋေရှစ်ဆယ်သူဌေးသားအကြောင်းအရာများသည် အသိပညာ၊ အတတ်ပညာ မရှိခဲ့သည့်အတွက် နောက်ဆုံးဘဝ နိဂုံးချုပ်မလှဖြစ်ခဲ့ရသည့် ဖြစ်စဉ်သာဓကများဖြစ်ပြီး ဦးကျည်ပွေ့ ဖြစ်စဉ်ကလည်း စာတတ်မြောက်မှုမည်မျှ အရေးကြီးသည်ကို ဖော်ပြနေသည့်အချက်ပင်ဖြစ်ကြောင်း။

ပညာရေးဝန်ကြီးဌာန အနေဖြင့်လည်း ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနကို ဖွဲ့စည်းထားပြီး စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပပညာရေးများကို အကောင်အထည်ဖော်လျက်ရှိကြောင်းကို သိရှိရကြောင်း၊ ယခု လုပ်ငန်းကို မိုးလေဝသ ကင်းရှင်းပြီး လယ်ယာများ၊ တောင်ယာများ ရိတ်သိမ်းပြီးချိန်တွင် စတင်ဆောင်ရွက်နိုင်ရန်နှင့် လက်တလော စတင်ဆောင်ရွက်၍ရမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်အဆင့်ကိုလည်း ယနေ့အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး စာတတ်မြောက်မှု တိုးတက်လာရေးသည် ပညာရေးဝန်ကြီးဌာန တစ်ခုတည်းသာမက ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များက ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့

**စာမျက်နှာ ၄ သို့** ❂

**နိုင်ငံတော်နှင့်ပြည်သူများ ဦးတည်လျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နေချိန်တွင် ယင်းစနစ်ကို အကောင်အထည်ဖော်မည့် ပုဂ္ဂိုလ်များနှင့် လိုက်နာကြရမည့်ပုဂ္ဂိုလ်များသည် စာတတ်မြောက်ရန်နှင့် အတန်းပညာတတ်မြောက်နေရန် လိုအပ်သကဲ့သို့ ဒေသခံတိုင်းရင်းသားများကလည်း မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာကို တတ်မြောက်နေရန် လိုအပ်သည့်အတွက် စာတတ်မြောက်ရေးကို ဆောင်ရွက်ရခြင်းဖြစ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ်အတွင်း နွေစပါး ပန်းတိုင်အထွက်နှုန်းကျော်လွန်သည်အထိ စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများ ဆုချီးမြှင့်ပွဲ တက်ရောက်



**လွိုင်ကော် စက်တင်ဘာ ၁၉**

၂၀၂၂-၂၀၂၃ ခုနှစ် ကယားပြည်နယ်အတွင်း နွေစပါးပန်းတိုင်အထွက်နှုန်း ကျော်လွန်သည်အထိ စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော် မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကယားပြည်နယ်အတွင်းရှိစိုက်ပျိုးတောင်သူများက နွေစပါးပန်းတိုင် အထွက်နှုန်းကျော်လွန်သည်အထိ စိုက်ပျိုးထုတ်လုပ်နိုင်သည့် အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ တောင်သူများအနေဖြင့် နွေစပါးပန်းတိုင်အထွက်နှုန်း သာမက မိုးစပါး အထွက်နှုန်းကိုလည်း ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်သည်အထိ ကြိုးစားစိုက်ပျိုးပေးကြစေလိုကြောင်း ပြောကြားသည်။




**နွေစပါးဧက ၃၄၃၀ စိုက်ပျိုးခဲ့**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ်၌ နွေစပါးဧက ၃၄၃၀ စိုက်ပျိုးခဲ့ပြီး ပန်းတိုင်အထွက်နှုန်းထက် ကျော်လွန်သည်အထိ စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူပေါင်း ၆၀၀ ကျော် ပေါ်ထွန်းလာသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြည်နယ်အတွင်း စပါးစိုက်ပျိုးထုတ်လုပ်မှုနှင့် ဆုရွေးချယ်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ခုနှစ် နွေစပါးပန်းတိုင်အထွက်နှုန်း ကျော်လွန်သည်အထိ စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအား ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လယ်ယာသုံးစက်ပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ အထူးဆုရရှိသူများကို လယ်ယာသုံးပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဂုဏ်ပြုဆုရရှိသော တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လွိုင်ကော်မြို့ ခရစ်တော်ဘုရင် ဘုရားရှိခိုးကျောင်း၌ လွိုင်ကော်ကက်သလစ် သာသနာဆရာတော်များနှင့် တွေ့ဆုံသည်။

ဦးစွာ လွိုင်ကော် ကက်သလစ် သာသနာ့ဂိုဏ်းအုပ်ဆရာတော်ကြီး ချဲလ်ဆိုဘရွှေက နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားသည်။

**အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးပိုးရယ်အောင်သိန်းက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ် အေးချမ်းရေးအတွက် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ပြည်သူများအားလုံး အတူတကွပူးပေါင်း၍ ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် ကိုးကွယ်သည့် ဘာသာများ မတူညီသော်လည်း ဘာသာရေးယုံကြည်ချက်နှင့် ဓလေ့ထုံးတမ်းများကို အခြားဘာသာဝင်များက အပြန်အလှန်လေးစားကာ အေးချမ်းစွာ အတူယှဉ်တွဲနေထိုင်လျက် ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ဘာသာအလိုက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရေးနှင့် ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ် ဝန်ကြီးချုပ်တို့က လွိုင်ကော်ကက်သလစ်သာသနာအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြပြီး ပြည်နယ်အတွင်းရှိ ကျောင်းထိုင်ဘုန်းတော်ကြီးများနှင့် သီလရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကား ပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်သေတ္တာ / အလုံပိတ်ယာဉ်များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့် E-Lock စနစ် လုပ်ငန်းစတင်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၉**

ကုန်သေတ္တာ(Container) / အလုံပိတ်ယာဉ်(Box Truck)များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် Logistic Surveillance (E-Lock)လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်၌ ကျင်းပသည်။

အခမ်းအနားတွင် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တာမိုးညဲအုပ်စု ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာက ကုန်သေတ္တာ/အလုံပိတ်ယာဉ်များဖြင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာမိုးညဲအုပ်စု ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌတို့သည် ကုန်သေတ္တာ/ အလုံပိတ်ယာဉ်များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် စောင့်ကြည့်စစ်ဆေးသည့်စနစ် လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူတို့သည် ကုန်သေတ္တာအတွင်း ကုန်ပစ္စည်းများ ထည့်သွင်းခြင်းနှင့် E-Lock ခတ်နှိပ်ပြီး မော်တော်ယာဉ်များ ထွက်ခွာခြင်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အနေဖြင့် E-Lock စနစ်ကို ဆောင်ရွက်အသုံးပြုခြင်းဖြင့် သယ်ယူပို့ဆောင်မှုများကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်ခြင်း၊ ခရီးစဉ်လမ်းကြောင်းကို အချိန်မရွေး ပြန်လည်ကြည့်ရှုနိုင်ခြင်း၊ ခရီးစဉ်အရေအတွက်သိရှိနိုင်ခြင်း၊ ကုန်သွယ်မှုလမ်းကြောင်း ကြာမြင့်ချိန်သိရှိနိုင်ခြင်း၊ Trade Data စနစ်ဖြင့် လုံခြုံစွာသိမ်းဆည်းနိုင်ခြင်း၊ E-lock ခတ်နှိပ်ထားခြင်းဖြင့် တရားဝင်ကုန်သွယ်မှုဖြစ်ကြောင်း လွယ်ကူစွာသိရှိနိုင်သဖြင့် တရားမဝင်ကုန်သွယ်မှုကို တားဆီးထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝရရှိစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည့်အပြင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ကုန်စည်သယ်ယူပို့ဆောင်မှု ပိုမိုမြန်ဆန်ခြင်း၊ လမ်းကြောင်းတစ်လျှောက် ဖွင့်ဖောက်စစ်ဆေးမှုမရှိခြင်းကြောင့် အချိန်ကုန်သက်သာခြင်း၊ ကုန်တင်ယာဉ်တည်နေရာကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ခြင်း၊ ကုန်တင်ယာဉ်ရောက်ရှိမည့်အချိန်ကို သိရှိနိုင်ခြင်း၊ ခရီးစဉ်အတွင်းကုန်ပစ္စည်းများ ပျောက်ဆုံးမှုမရှိနိုင်ခြင်း၊ ကုန်ပစ္စည်းအလေအလွင့်နည်းပါးခြင်းနှင့် ကုန်ကျစရိတ်များ သက်သာခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။

E-Lock စနစ်ကို Phase 1 အနေဖြင့် ရန်ကုန်သီလဝါ (SEZ) မှ မြဝတီမြို့သို့ အသွား/အပြန် ကုန်စည် ပို့ဆောင်မှုကို စတင်ဆောင်ရွက်မည်ဖြစ်ပြီး Phase 1 အောင်မြင်ပါက Phase 2 အနေဖြင့် ရန်ကုန်-မြဝတီ အသွား/အပြန်၊ ရန်ကုန်-မန္တလေး အသွား/ အပြန်၊ မန္တလေး-မူဆယ် အသွား/အပြန်တို့၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း E-Lock စနစ် အောင်မြင်စွာဆောင်ရွက်နိုင်ပါက မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်မည့် (ASEAN CUSTOMS TRANSIT) အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံဖြတ်ကျော်၍ ကုန်စည်များ ဖြတ်သန်းသယ်ဆောင်မှုလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှု

**စစ်တွေ စက်တင်ဘာ ၁၉**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က သံတွဲမြို့နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေး အားကောင်းသည့်မြို့နယ်ဖြစ်သည့်အပြင် ကမ္ဘာတွင် ထင်ရှားကျော်ကြားသော ငပလီကမ်းခြေရှိခြင်းကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရှိသည့်အတွက် စီးပွားရေးအလားအလာကောင်းသော မြို့နယ် တစ်မြို့နယ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းမှသည် နည်းစနစ်မှန်စွာဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများတွင် အလားအလာကောင်းများစွာရှိသည့် ပြည်နယ်တစ်ခုဖြစ်ခြင်းကြောင့် အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်များကို နည်းစနစ်တကျဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်၏ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့ သံတွဲမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် တက်ရောက်လာကြသော မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် သံတွဲမြို့ ဒွါရာဝတီမြို့သစ်ရှိ TMP အအေးခန်းစက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးကြရာ လုပ်ငန်းရှင် ဦးတင်မောင်ဌေးက ကဏန်းပျော့များ၊ ငါး၊ ပုစွန်များ၊ ရေရှူး၊ ကဏန်းများမွေးမြူထုတ်လုပ်နေမှု၊ ကဏန်းပျော့များအား အအေးခန်းစက်ရုံတွင် ကုန်ချောများပြုလုပ်ကာ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှုနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး အအေးခန်းစက်ရုံအတွင်း ကဏန်းပျော့များ၊ ငါး၊ ပုစွန်များအား ကုန်ချောများပြုလုပ်နေမှုနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရန် ထုပ်ပိုးနေမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ ဂေါ့ရပ်ကွက်ရှိ မြပတ္တမြားဥယျာဉ်(ပေါင်ဝန်တံတား)သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေနှင့်အဖွဲ့ ဒွါရာဝတီမြို့သစ်ရှိ TMP အအေးခန်းစက်ရုံအတွင်း ကဏန်းပျော့များ၊ ငါး၊ ပုစွန်များအား ကုန်ချောများ ပြုလုပ်နေမှုနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရန် ထုပ်ပိုးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၉**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းလွန်-ဩရိဿပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခန်းပြည်နယ်တောင်ပိုင်းတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၉**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေးအသိပညာပေးသင်တန်း အမှတ်စဉ် (၂/ ၂၀၂၃) ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်း အသိပညာပေးသင်တန်းအမှတ်စဉ်(၂/၂၀၂၃) ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် ကော်မရှင်ရုံး Conference Room ၌ ကျင်းပရာ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းတက်ရောက်ကြမည့် ကော်မရှင်ရုံး အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



**အရေးကြီးသောဘာသာရပ်ဖြစ်**

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ကမ္ဘာပေါ်ရှိမည်သည့်လူ့အခွင့်အရေးအဖွဲ့အစည်းမဆို အဓိကထားလုပ်ကိုင်ကြရသော လုပ်ငန်းတာဝန်ကြီးနှစ်ရပ်ဖြစ်သည့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လူ့အခွင့်အရေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို လုပ်ငန်းလမ်းညွှန်သဖွယ် အထောက်အထားပြုမှီငြမ်းကြရသည့် အရေးကြီးသော ဘာသာရပ်ဖြစ်ပါကြောင်းနှင့် ကော်မရှင်ရုံးဝန်ထမ်းများအနေနှင့် မဖြစ်မနေသိထားသင့်သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် ပတ်သက်သော အသိပညာဗဟုသုတများ ဆည်းပူးရရှိစေရန်၊ ဝန်ထမ်းများ၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာပြီး ကော်မရှင်လုပ်ငန်းများကို အထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းဆိုင်ရာ ပညာပေးသင်တန်းများ ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ကော်မရှင်ရုံးခွဲများမှ ဝန်ထမ်းများအပါအဝင် သင်တန်းသား ၃၃ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပို့ချမှုကို Online၊ Face to Face စနစ်နှစ်မျိုးဖြင့် Hybrid Format ကို အသုံးပြုပြီး ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ဒေသ၊ ဟိုပန်/ဟိုရွက်ရှိ ဒေသခံ "ဝ"တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ



**ဝမ်ဟုန် စက်တင်ဘာ ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ "ဝ"ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ဒေသရှိ "ဝ"ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော "ဝ" တိုင်းရင်းသား ပြည်သူများကို အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာပစ္စည်းများနှင့် ဆေးရုံအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ဆေးရုံတာဝန်ရှိသူများက လက်ခံရယူကြသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ဝမ်ဟုန်မြို့နယ် အစည်းအဝေးခန်းမ၌ ဒေသခံ "ဝ" တိုင်းရင်းသားများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ဒေသတည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက ဒေသအတွက် လိုအပ်ချက်များကို တင်ပြပေးကြရန်နှင့် လူငယ်လူရွယ်များကို ဗလငါးတန်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် "ဝ" ဒေသခံတိုင်းရင်းသား ပြည်သူတစ်ဦးက ဒေသလိုအပ်ချက်များ တင်ပြရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က နိဂုံးချုပ်စကားပြောကြားပြီး ဝမ်ဟုန် ဒေသခံ "ဝ"တိုင်းရင်းသား ပြည်သူများက ဒေသထွက် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ဒေသခံ "ဝ" တိုင်းရင်းသားများအား စားသောက်ဖွယ်ရာ ပစ္စည်းများ ပြန်လည်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟိုပန်/ဟိုရွက်ရှိ အစည်းအဝေးခန်းမ၌ ဒေသခံ "ဝ"တိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းနှင့်ဦးရန်ကျော်တို့က အမှာစကားပြောကြားပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဒေသလိုအပ်ချက်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံ "ဝ"တိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း၊ ဦးရန်ကျော်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများက ဟိုပန်/ဟိုရွက် ဒေသခံ "ဝ" ပြည်သူများအား စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၀၆)ကြိမ်မြောက် ဘက်စုံသားဖွား ဒီပလိုမာ(၂)နှစ် သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းပွဲ ကျင်းပ



**ပဲခူး စက်တင်ဘာ ၁၉**

ပဲခူးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက (၁၀၆)ကြိမ်မြောက် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ် သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

**အလေးထားလိုက်နာ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအတွင်း သူနာပြုနှင့် သားဖွားနှီးနွယ် သင်တန်းကျောင်းလေးခုရှိပြီး သူနာပြုနှင့် သားဖွား ဆရာ ဆရာမများကို နှစ်စဉ် မွေးထုတ်ပေးလျက်ရှိကာ ပြည်သူလူထုအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ ပေးနိုင်ရန် အစွမ်းကုန် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသူများအနေဖြင့် ဆရာမများက သင်ကြားပေးလိုက်သည့် စာတွေ့၊ လက်တွေ့သင်ခန်းစာများကို ကျွမ်းကျင်တတ်မြောက်ကာ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များနှင့် သူနာပြုသစ္စာအဓိဋ္ဌာန်များကို အလေးထားလိုက်နာပြီး ဘက်စုံထူးချွန်သော၊ ပြည်သူအားကိုးရသော သားဖွားဆရာမကောင်းများဖြစ်စေရန် ကြိုးစားနေထိုင်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘက်စုံသားဖွား ဒီပလိုမာ(၂)နှစ်သင်တန်း ပထမနှစ် စာမေးပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပဲခူးမြို့ သားဖွားသင်တန်းကျောင်းအတွက် ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ဌေးဌေးမွန်က သင်တန်းသူလေးများအား သူနာပြုဦးဆောင်းများ အပ်နှင်းပေးခဲ့ကြသည်။ ဆက်လက်၍ ကမ္ဘာ့သူနာပြုမိခင်ကြီး မီးအိမ်ရှင် ဖလော်ရင့်(စ)နိုက်တင်ဂေးအား ဂုဏ်ပြုသောအားဖြင့် သင်တန်းသူလေးများက ဖယောင်းတိုင်မီး ထွန်းညှိကာ သူနာပြုအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် သင်တန်းသူလေးများက ကရုဏာအလင်း သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဆရာမများ၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြကာ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ခုတင် ၅၅၀ ကလေးဆေးရုံကြီး၌ သန္ဓေတပ်ဖွဲ့ဝင်များ၊ သင်တန်းသားများက စုပေါင်းသွေးလှူဒါန်းကြရာ ရဲအရာရှိအတတ်သင်ကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ် လှူလှူသန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီက လှိုင်ကော်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး ထင်အောင်လင်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက လှိုင်ကော်ပြည်သူ့ဆေးရုံကြီး ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ ကိုဇင်(လှိုင်ကော်)

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# “ပုဂံခေတ် လူမှုစီးပွားဘဝ” သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ




**နေပြည်တော် စက်တင်ဘာ ၁၉**

“ပုဂံခေတ် လူမှုစီးပွားဘဝ” သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာသမိုင်းအဖွဲ့ဝင် ပညာရှင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် အခြားဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယခုစာတမ်းဖတ်ပွဲတွင် ကျောက်စာအထောက်အထားအကိုးအကားများဖြင့် ပုဂံခေတ်လူမှုစီးပွားဘဝအခြေအနေ အဆင့်အတန်းကို အကဲဖြတ်သည့် သုတေသနစာတမ်းများကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊ သမိုင်း၏ သဘောတရားတစ်ခုအနေဖြင့် ပြောကြားရလျှင် သမိုင်းဆိုသည်မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် သုံးပါးစလုံးနှင့်သက်ဆိုင်ပြီး အတိတ်ကာလမှ မြန်မာနိုင်ငံ၏ဖြစ်စဉ်များကို လေ့လာထုတ်ဖော်ရေးသားခြင်းသည် မျက်မှောက်ကာလမြန်မာနိုင်ငံ၏အခြေအနေကို ယထာဘူတကျကျနားလည်နိုင်မည်ဖြစ်ပါကြောင်း၊ ယင်းမှတစ်ဆင့် အနာဂတ်အလားအလာကို ချိန်ဆမျှော်မှန်းနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပုဂံခေတ်၏ လူမှုစီးပွားဘဝကို လေ့လာဆန်းစစ်ကြည့်ခြင်းအားဖြင့် ပစ္စုပ္ပန်တွင် မည်ကဲ့သို့အသုံးချနိုင်ပြီး အနာဂတ်တွင် မည်သို့ပြင်ဆင်ရမည်ကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုပုဂံခေတ်လူမှုစီးပွားဘဝဟူသည့် စာတမ်းခေါင်းစဉ်နှင့် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းဖြစ်ပေါ်လာစေရန်အတွက် ကွက်လပ်ဖြစ်နေသည့်နေရာကို ဖြည့်ရန် အားထုတ်သည်ဟု နားလည်ပါကြောင်း၊ ထို့ပြင် မြန်မာ့သမိုင်းအကြောင်းကို ဖတ်ရှုခြင်းအားဖြင့် အတိတ်ကသမိုင်းဖြစ်ရပ်များမှ သင်ခန်းစာများ ရယူနိုင်ပြီး မိမိလူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်များ ပိုမိုမြင့်မားလာကာ ဇာတိသွေး ဇာတိမာန် တက်ကြွလာမည်ဖြစ်ကြောင်း၊ ထို့အတွက် လူတိုင်း သမိုင်းကို လေ့လာဖတ်ရှုသင့်ပါကြောင်း၊ ယခုဖတ်ကြားမည့်စာတမ်း ခြောက်စောင်သည် သမိုင်းပညာရှင်များ သတ်မှတ်ထားသည့် ပုဂံခေတ် လူမှုစီးပွားများအပေါ် အခြေခံ၍ရေးသားထားသောစာတမ်းများဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သုတေသနစာတမ်းဖတ်ပွဲကျင်းပမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နံနက်ပိုင်း စာတမ်းဖတ်ကြားခြင်းအစီအစဉ်တွင် မန္တလေးအဝေးသင်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာ ဝင်းမင်းသိန်းက “ပုဂံခေတ်လူမှုဘဝနှင့် အသက်မွေးဝမ်းကျောင်းမှု” စာတမ်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မြင့်စန်းက “အမတ်အသဝတ်ဓမ္မာသင်္ချိုင်းဂူဘုရား ကျောက်စာလာ လူမှုစီးပွားရေးအခြေအနေ” စာတမ်းတို့ကို ဖတ်ကြားဆွေးနွေးပြီး မွန်းလွဲပိုင်း စာတမ်းဖတ်ကြားခြင်းအစီအစဉ်တွင် ကျိုင်းတုံတက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာနွယ်နွယ်အောင်က “ပုဂံခေတ်မြန်မာ့လူ့အဖွဲ့အစည်းတည်ဆောက်ပုံ’’ စာတမ်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်မာလာလွင်က “စဝ်ရဟန်သိမ် ပြန်လည်တည်ဆောက်ခဲ့သူများ၏ လူမှုစီးပွားအခြေအနေ” စာတမ်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာကိုကိုတိုးလွင်သော်က “နံရံဆေးရေးများမှ ထင်ဟပ်လာသော ပုဂံခေတ်ကုန်သည်လူတန်းစားတို့၏ လူမှုစီးပွားနှင့် လူနေမှုသဏ္ဌာန်” စာတမ်း၊ ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသနစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်သီတာက “ရွှေကွန်ချာဘုရားနှင့် မင်းအနန္တသူကျောက်စာ (၁၂၃) လေ့လာချက်” စာတမ်းတို့ကို ဖတ်ကြားဆွေးနွေးပြီး မြန်မာသမိုင်းအဖွဲ့ဝင် ဒေါက်တာမြင့်သိန်း၊ မြန်မာသမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင်များဖြစ်သည့် ဦးကျော်စိုး၊ ဦးတင်ခြုံတို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြကာ စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက အကြံပြုလိုသည်များနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာသမိုင်းအဖွဲ့ အဖွဲ့ဝင် ဦးနီတွတ်က ဖတ်ကြားသွားသော စာတမ်းများနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ဆွေးနွေးပြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားကာ သဘာပတိနှင့် စာတမ်းရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ဌာန၏ရည်မှန်းချက်ဖြစ်သော သမိုင်းပညာရပ်ဖြင့် မြန်မာတို့၏ အစဉ်အလာကောင်းများကို ဖော်ထုတ်ထိန်းသိမ်းကာ လူမှုပြဿနာများကို ဖြေရှင်းပေးရာတွင် စံများ၊ သင်ခန်းစာများ ပေးစွမ်းနိုင်ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် မြန်မာသမိုင်းနှင့်ပတ်သက်၍ အများပြည်သူ စိတ်ဝင်စားမှု တိုးတက်လာစေရန်၊ သမိုင်းသုတေသနပြုသူများနှင့် လေ့လာသူများအတွက် အကိုးအကားပြုနိုင်ရန်၊ တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်းကို ရေးသားပြုစုခြင်းနှင့် သုတေသနစာတမ်းဖတ်ပွဲများ ကျင်းပခြင်းတို့ကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းဖိတ်ခေါ်စာတမ်းဖတ်ပွဲများကို တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့- အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများဆွေးနွေးပွဲနှင့် (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအစည်းအဝေး ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၉**

အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ (The South East Asian Central Banks–SEACEN Centre)၊ အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ် (Bank for International Settlements–BIS) နှင့် ကမ္ဘောဒီးယားနိုင်ငံဗဟိုဘဏ်တို့မှ ကြီးမှူးကျင်းပသည့် (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့–အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်တို့၏ အဆင့်မြင့်အရာရှိများဆွေးနွေးပွဲ (16th SEACEN–BIS High Level Seminar) ကို ယမန်နေ့နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများအစည်းအဝေး (22nd SEACEN Executive Committee –EXCO Meeting) ကို ယနေ့နံနက် ၉ နာရီခွဲတွင်လည်းကောင်း ကျင်းပသည်။

**တက်ရောက်**

အဆိုပါဆွေးနွေးပွဲနှင့် အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်က Virtual စနစ်ဖြင့် တက်ရောက်သည်။

ယမန်နေ့က ကျင်းပသည့် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ – အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့ အဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲ (SEACEN–BIS High Level Seminar) တွင် ကမ္ဘောဒီးယားနိုင်ငံဗဟိုဘဏ် ဥက္ကဋ္ဌ Madam. Chea Serey၊ SEACEN Centre ၏ အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami နှင့် အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်၏ Chief Representative ဖြစ်သူ Mr. Tao Zhang တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။ ထို့နောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ “Monetary Tightening, Financial Stability and Geopolitical Fragmentation” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr. Bo Li က ဆွေးနွေးပြောကြားသည်။

ထို့နောက် “Lessons learned from Recent US and European Banking Stress” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ NYU Stern မှ Mr. Viral Acharya က Lead Speaker အဖြစ်ဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်မှ စီးပွားရေးဌာနမှူး Mr. Ilhyock Shim က Moderator အဖြစ်လည်းကောင်း၊ ဟောင်ကောင်ငွေကြေး အာဏာပိုင်အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ Mr. Kenneth Hui နှင့် သီရိလင်္ကာနိုင်ငံဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Yvette Fernando တို့က Panel Speaker များအဖြစ် ဆွေးနွေးကြသည်။ ယင်းနောက် “Geopolitical Fragmentation and Financial Sector Stability Risks” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဟောင်ကောင်တက္ကသိုလ်မှ Dr. Cheng Li နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့မှ Mr. Mahvash Qureshi တို့က Speaker များအဖြစ်ဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူး Mr. Roger Nord က Moderator အဖြစ်ဆောင်ရွက်၍ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် “Monetary and Fiscal Policy: Safeguarding Stability and Trust” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်၏ ငွေကြေးမူဝါဒနှင့် စီးပွားရေးရာဌာနအကြီးအမှူး Mr. Claudio Borio က Lead Speaker အဖြစ် ဆောင်ရွက်ပြီး အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်မှ Mr. Tao Zhang က Moderator အဖြစ်ဆောင်ရွက်ကာ မလေးရှားနိုင်ငံ ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. Marzunisham Omar မှ Panel Speaker အဖြစ် ဆောင်ရွက်သည်။ ထို့နောက် “Financial Sector Development and Stability Issues in Asia” ခေါင်းစဉ်နှင့်စပ်လျဉ်း၍ IMF Singapore Training Institute မှ Director Mr. Alfred Schipke က လည်းကောင်း၊ IMF၊ အာရှ–ပစိဖိတ်ဌာန၏ ဒုတိယညွှန်ကြားရေးမှူး Mr. Thomas Helbling ကလည်းကောင်း Speaker များအဖြစ်ဆောင်ရွက်ပြီး အိန္ဒိယနိုင်ငံ ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ Mr. MD Patra မှ Guest Speaker အဖြစ် ဆောင်ရွက်၍ ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် SEACEN အဖွဲ့ဝင် ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဒုတိယဥက္ကဋ္ဌများ၊ SEACEN အမှုဆောင်ဒါရိုက်တာနှင့် အစည်းအဝေးတက်ရောက်လာသူများက ၎င်းတို့၏ အတွေ့အကြုံအသိအမြင်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယနေ့တွင် (၂၂) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေး (22nd SEACEN Executive Committee – EXCO Meeting) ကို ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် လာမည့် ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ၊ ၂၀၂၄ ခုနှစ်အတွက် ဘတ်ဂျက်လျာထားမှု၊ SEACEN စင်တာမှ ကြီးမှူးဆောင်ရွက်လျက်ရှိသည့် မဟာဗျူဟာမြောက် စီမံကိန်းများဆောင်ရွက်မှု၊ AMRO နှင့် Asia School of Business တို့မှ SEACEN မဟာဗျူဟာမိတ်ဖက်အဖွဲ့အစည်းများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ SEACEN စင်တာတွင် ဝန်ထမ်းခန့်အပ်မှုဆိုင်ရာကိစ္စရပ်များ၊ SEACEN စင်တာ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami နှင့် ကမ္ဘောဒီးယားနိုင်ငံ ဗဟိုဘဏ်၏ ဥက္ကဋ္ဌ Madam. Chea Serey တို့က တင်ပြဆွေးနွေးခဲ့ရာ SEACEN အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်၏ ဒုတိယဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကာ လမ်းညွှန်မှုများပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၉**

လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ အတွေးအခေါ်မှန်ကန်စေရေးနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဝန်ကြီးဌာနမှ ပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကကျပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍကို တိုးတက်အောင် မြှင့်တင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်ခဲ့ရာတွင် လူမှုရေးဦးတည်ချက်တွင် ပါဝင်သည့် "နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များမှာ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဆိုသည့်အတိုင်း အနာဂတ်နိုင်ငံတော်၏ တာဝန်ကို ထမ်းဆောင်ရာတွင် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များ မွေးထုတ်ပေးရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုကြောင်း၊ နိုင်ငံတော်က အားထားရသည့် လူငယ်များဖြစ်လာစေရန်အတွက် ပညာရေးကိုအခြေခံပြီး ကျန်းမာကြံ့ခိုင်သော လူငယ်များဖြစ်လာစေရန် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိကြောင်း၊ ထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်သည့်အတွက် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နေပြည်တော်ကောင်စီလူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လူငယ်များသည် နောင်တစ်ချိန်တွင် တိုင်းပြည်တာဝန်ကို ကျရာကဏ္ဍအသီးသီးမှာ ပခုံးပြောင်း တာဝန်ယူထမ်းဆောင်ကြရမည် ဖြစ်သည့်အတွက် ဉာဏ်ရည်ဉာဏ်သွေး မြင့်မားရန်လိုကြောင်း၊ အတွေးအခေါ်၊ အယူအဆကောင်းမွန်ပြီး တီထွင်ဖန်တီးနိုင်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ပေါ်ထွက်လာမှသာလျှင် စီမံခန့်ခွဲမှုကောင်းသည့် ခေါင်းဆောင်ကောင်းများစွာ ပေါ်ထွက်လာပြီး တိုင်းပြည်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက် လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာမ တင်ရီမ (ညောင်ဦး)က "ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ နေပြည်တော် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးက "လူငယ်နှင့် ကျန်းမာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောပို့ချခဲ့ပြီး အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ အားကစားသမားလူငယ်များက Fitness Dance၊ ဗိုဗီနမ်နှင့် ဂျူဒိုအားကစားနည်းများကို သရုပ်ပြသကြသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ နည်းပညာကောလိပ် ကျောင်းအုပ်ကြီး ဦးမင်းမင်းထွန်းနှင့် နေပြည်တော်အခြေခံပညာ ဦးစီးဌာန တိုင်းပညာရေးမှူး ညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်တို့က လက်ခံရယူပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သရုပ်ပြအားကစားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက စာရေးဆရာမ တင်ရီမ (ညောင်ဦး)နှင့် ဒေါက်တာသန်းနိုင်စိုးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှုတိုင်းတာစစ်ဆေးရေးစံ စစ်ဆေးအကဲဖြတ်ခြင်းသုတေသနလုပ်ငန်း၏ အကြိုစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**



၂၀၂၃ ခုနှစ် အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှု တိုင်းတာစစ်ဆေးရေးစံ Southeast Asia Primary Learning Metrics (SEA-PLM) စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ အကြိုစမ်းသပ်စစ်ဆေးခြင်းလုပ်ငန်း ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်တွင် ကျင်းပသည်။

ဆွေးနွေးပွဲဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ SEA-PLM ၏ နိုင်ငံအဆင့်နည်းပညာအဖွဲ့၊ လုပ်ငန်းအဖွဲ့၊ စာမေးပွဲကြီးကြပ်ရေးမှူးများ၊ ကျောင်းညှိနှိုင်းရေးမှူးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းသန်းမြင့် က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ထိုက်က အရှေ့တောင်အာရှ မူလတန်းပညာသင်ယူတတ်မြောက်မှုတိုင်းတာစစ်ဆေးရေးစံ(SEA-PLM)၏ လုပ်ငန်းအစီအစဉ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းဆွေးနွေးပွဲကို ကျင်းပရာ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအေးသီတာစိုးက SEA-PLM စစ်ဆေးအကဲဖြတ်ခြင်း သုတေသနလုပ်ငန်း၏ အညွှန်းဘောင်များ ကိုလည်းကောင်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန သုတေသနဌာနခွဲမှ အရာထမ်းများက စာမေးပွဲကြီးကြပ်သူနှင့် ကျောင်းညှိနှိုင်းရေးမှူးများလက်စွဲစာအုပ်ကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ လုပ်ငန်းဆွေးနွေးပွဲ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေး မေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။

အဆိုပါ လုပ်ငန်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ ကျေးရွာမတည်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဒွန်းကျေးရွာအုပ်စု ကော့ဒွန်းကျေးရွာနှင့် ကြခတ်ကုန်းကြီးကျေးရွာအုပ်စု ကြခတ်ကုန်းကြီးကျေးရွာတို့တွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာလ ဒုတိယပတ်က အဆိုပါကျေးရွာ နှစ်ရွာတို့တွင် စတုတ္ထအကြိမ်မြောက် စီမံကိန်းရန်ပုံငွေများကို တာဝန်ရှိသူများက ပြန်လည်ထုတ်ချေးပေးသည်။


စီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးရာတွင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် စီမံကိန်းတာဝန်ခံများက ကော့ဒွန်းကျေးရွာမှ အသင်းသား အသင်းသူ ၁၁၄ ဦးအား စီမံကိန်းရန်ပုံငွေကျပ် ၂၉၄၀၀၀၀၀ နှင့် ကြခတ်ကုန်းကြီးကျေးရွာမှ အသင်းသားအသင်းသူ ၂၉၀ အား စီမံကိန်းရန်ပုံငွေကျပ် ၃၆၄၀၀၀၀၀ ကို စတုတ္ထအကြိမ် ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



သာယာဝတီမြို့နယ်၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးဉာဏဦးဆောင်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုးလွင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(သာယာဝတီ)တို့ ပူးပေါင်း၍ စက်တင်ဘာ ၁၉ ရက်က တိုက်ကျောင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားလူဝင်မှု ကြီးကြပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(NIA) ဒုတိယဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ e-ID စနစ် လုပ်ငန်းဆောင်ရွက်မှုနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦး၊ အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းတို့နှင့်အတူ စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့ ဘိုင်ရန် (Bai Yun) အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကွမ်ကျိုးလူဝင်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Zhao Hui က လေဆိပ်ဧည့်ခန်းမ၌ ကြိုဆိုနှုတ်ဆက်၍ ဒေသတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်ဝင်/ပြည်ထွက် စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွမ်ကျိုးမြို့ ဘိုင်ရန် (Bai Yun) အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ည ၇ နာရီတွင် ဘေဂျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေဂျင်းမြို့ရှိ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ အမျိုးသားလူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန(NIA)သို့ သွားရောက်၍ NIA ၏ ဒုတိယဝန်ကြီးနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အပြည့်အဝထောက်ခံရပ်တည်မှုအခြေအနေ၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ NIA ဌာနမှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာမူဝါဒများ၊ ပြည်ဝင်/ပြည်ထွက်နှင့် နယ်စပ်ဒေသ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှု၊ တရုတ်-မြန်မာ နယ်စပ်ဂိတ်များနှင့် နယ်နိမိတ်တစ်လျှောက် ဝင်/ထွက်မှု စနစ်တကျဖြစ်စေရေး ဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည့် အခြေအနေနှင့် ၂၀၂၄ ခုနှစ်အတွင်း ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ e-ID စနစ်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းဆောင်ရွက်မှု၊ တရုတ်နိုင်ငံအပါအဝင် မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်များ၌ နှစ်နိုင်ငံပြည်သူများ တရားဝင် ဝင်/ထွက်သွားလာမှုနှင့် တရားမဝင် ဝင်/ထွက်မှုမရှိစေရေးအတွက် တားဆီးကာကွယ်ဆောင်ရွက်မှု၊ နှစ်နိုင်ငံလူဝင်မှု ကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ နီးကပ်စွာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားကာ နှစ်ဦးနှစ်ဖက် ဆွေးနွေးချက်များအပေါ် အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် NIA ၏ ဒုတိယဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဒုတိယဝန်ကြီး Mr. Xu Ganlu က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘေဂျင်းမြို့ ပြည်သူ့လုံခြုံရေးဝန်ကြီး ဌာနလက်အောက်ရှိ သုတေသနဌာန(၁)သို့ သွားရောက်လေ့လာကြရာ ဌာနတာဝန်ခံက သုတေသနဌာန(၁)၏ လုံခြုံရေးဆိုင်ရာ နည်းပညာအသုံးပြုဆောင်ရွက်သည့် လုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်မှုနှင့်ပတ်သက်၍ နမူနာခင်းကျင်းပြသထားမှုများကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အစည်းအဝေးခန်းမ၌ လုပ်ငန်းတာဝန်ခံ Mr. Yu Rui နှင့် တာဝန်ရှိသူများက ဌာန၏လုပ်ငန်းများဆောင်ရွက်မှု၊ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ လုံခြုံရေးဆိုင်ရာပစ္စည်းများ သုတေသနပြုထုတ်လုပ်ပေးမှု၊ တရုတ်နိုင်ငံသားများအတွက် နိုင်ငံသားမှတ်ပုံတင်ကတ်ပြားကို နည်းပညာဆိုင်ရာ ID ကတ်များအဖြစ်ထုတ်ပေးမှု၊ ရဲတပ်ဖွဲ့တွင် အသုံးပြုနိုင်သည့် ဝတ်စုံများထုတ်ပေးမှု၊ လုပ်ငန်းကဏ္ဍအသီးသီး၌ လုံခြုံရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်နိုင်သည့် ဝတ်စုံများထုတ်ပေးမှုကို ရှင်းလင်းပြောကြားရာ ပြည်ထောင်စုဝန်ကြီးကသိရှိလိုသည်များ၊ မရှင်းလင်းသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး လုပ်ငန်းတာဝန်ခံများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

## မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာလုပ်ငန်းကော်မတီအစည်းအဝေး တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် အာဆီယံ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး ပူးပေါင်းဆောင်ရွက်မှု၊ COVID -19 ကပ်ရောဂါ ဖြစ်ပွားစဉ်ကာလ၊ မိုခါမုန်တိုင်းပြန်လည်ထူထောင်ရေးကာလများ၌ အကူအညီပေးမှု၊ Nay Pyi Taw State Academy ၌ လူမှုရေးပညာမဟာဌာန ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံမှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများပူးပေါင်း၍ သင်ရိုးညွှန်းတမ်းများရေးဆွဲနေမှု၊ ပညာတော်သင် ၁၉ ဦး အိန္ဒိယနိုင်ငံ TA TA Institute of Social Sciences ၌ လူမှုရေးပညာမဟာဘွဲ့သင်တန်း တက်ရောက်နေမှု၊ ရခိုင်ပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ-မြန်မာ နားလည်မှုစာချွန်လွှာအရ အကောင်အထည်ဖော်နေသည့် စီမံကိန်းတိုးတက်မှု၊ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ရန်ရှိသည့် Small Development Project (SDP) အောက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အဆိုပြုတင်ပြထားသော စီမံကိန်းကိစ္စများ၊ ဝန်ကြီးဌာနအနေဖြင့် AHA Centre၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများပါဝင် တက်ရောက်ခဲ့ကြသည်။

**ဆက်လက်ကျင်းပ**

ယင်းနောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၃)ကို မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်ဥက္ကဋ္ဌနှင့် မသန်စွမ်းကိုယ်စားလှယ်များ၊ လုပ်ငန်းကော်မတီဝင် ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြန်လည် နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အခြား ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**အတည်ပြုသွားမည်**

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅)နှစ်စီမံကိန်းကို အတည်ပြုဖြန့်ချီထားပြီး ဖြစ်ပါကြောင်း၊ မဟာဗျူဟာပါကဏ္ဍအလိုက် လုပ်ငန်းစီမံချက်များကိုလည်း ရေးဆွဲထားရှိပြီး ယနေ့အစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကနဦးစီမံကိန်းနယ်မြေ(၄)ခုတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် စီမံကိန်းနယ်မြေ ၁၀ ခုတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ မသန်စွမ်းသူများ အသင်းချုပ်အလုပ်အမှုဆောင်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းထားကြောင်း သိရှိရပြီး မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် ပိုပိုပြင်ပြင်ရပ်တည် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် အတွင်းရေးမှူး(၁) ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြ၍ လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အွန်လိုင်းပေါ်မှ လိမ်လည်မှုတွေ၊ လောင်းကစားမှုတွေ သတိထားပါ

ကိုရေချမ်း

သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေး နည်းပညာတွေ အားကောင်းလာတဲ့ခေတ်ကာလမှာ ကောင်းကျိုးတွေနဲ့အတူ ဆိုးကျိုးတွေပါလာတတ်တာကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုးတွေကြောင့် အမှန်တရားတွေ တိမ်သလာဖုံးသလို အမှန်ကို ရှာရဖွေရခက်လာတတ်ပါတယ်။ ဒါကြောင့်လည်း 'အမှန်တရားက ဖိနပ်စီးဖို့လုပ်နေတုန်း အမှားက ကမ္ဘာ တစ်ပတ်ပတ်ပြီးပြီ' လို့ ပြောလာကြပါတယ်။ "ကိုယ့်ရှူးကိုယ်ပြန်ပတ်" "ကိုယ့်အတတ်ကိုယ်ပြန်စူး" ဆိုသလို နည်းပညာတွေ စတင်ဖန်တီးခဲ့တဲ့ နိုင်ငံကြီးတွေဟာလည်း နည်းပညာကြောင့်ပဲ သူ့နိုင်ငံရဲ့အကျိုးစီးပွားကို ထိခိုက်လာတာကြောင့် အကာအကွယ်အတားအဆီးတွေ ပြုလုပ်နေကြတာ တွေ့ရမှာဖြစ်ပါတယ်။

**အမှားသံသရာထဲမှာ ဝဲလည်**

နည်းပညာအဆင့်မမြင့်သေးတဲ့ ကျွန်တော်တို့လို နိုင်ငံတွေအနေနဲ့ အွန်လိုင်းပေါ်မှာ အမှားကို အမှန်လုပ်ထားတဲ့ လိမ်ညာမုသားစကားနဲ့ လှည့်ဖြားမှုတွေ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ဒါကြောင့် အမှန်တရားကို ရှာဖွေတွေ့ရှိဖို့ ခက်ခက်ခဲခဲ ကြိုးစားနေရပါတယ်။ သတင်းမှားတွေနဲ့ ကာဆီးနေတာကြောင့် မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို မြန်မာနိုင်ငံသားတွေတောင် အမှန်သိဖို့ ကြိုးစားနေတဲ့အချိန်မှာ အခြားနိုင်ငံသားတွေအနေနဲ့ အမှန်ကိုအမှန်အတိုင်း မမြင်နိုင်တာကို အပြစ်မဆိုချင်ပါဘူး။ ဒါပေမဲ့လည်း ဓမ္မဓိဋ္ဌာန်ကျကျ မှန်မှန်ကန်ကန် သေသေချာချာ လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် ပကတိအခြေအနေမှန်ကို ရှာဖွေတွေ့ရှိနိုင်မှာဖြစ်ပါတယ်။ အပြုသဘောဆောင် အကောင်းမြင်တတ်သူတွေအနေနဲ့ အမှန်တရားကို အလွယ်တကူရှာဖွေတွေ့ရှိကြသလို မကောင်းမြင် မကောင်းစိတ်ထားရှိသူတွေအနေနဲ့ အမှားသံသရာထဲမှာ ဝဲလည်နေမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအပေါ် အဆိုးတွေ၊ မကောင်းတာတွေ၊ အလိမ်အညာမုသားတွေ၊ မဟုတ်မမှန်သတင်းတွေ၊ ကောလာဟလစကားတွေ၊ အသုံးချမှုတွေကို နယ်ပယ်အမျိုးမျိုးကနေ အမျိုးမျိုးအဖုံဖုံ ထိုးနှက်နေတာကြောင့် အများအမြင်မှာ အထင်အမြင်သေးခံရပြီး မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို ကျဆင်းစေပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံအပေါ် သဘောထားအမှန်ရှိတဲ့သူတွေက မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေအမှန်တရားကို သေသေချာချာ လေ့လာဆန်းစစ်ကြည့်ပြီး ရှင်းလင်းထုတ်ဖော်ပြောကြားပေးနေတဲ့သူတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံအပေါ် အကောင်းမမြင်တဲ့သူတွေကတော့ အမှန်တရားကို မျက်ကွယ်ပြုပြီး အမှားအထပ်ထပ် ပြောနေကြဆဲဖြစ်ပါတယ်။

"မြန်မာနိုင်ငံဟာ အမှန်တကယ်ပင် အထင်သေးခံရတဲ့နိုင်ငံဖြစ်နေပါသလား။ ခင်ဗျားတို့မကြားချင်တဲ့အမှန်တရားတချို့ကို ပြောပြချင်တာနဲ့ တကယ့်အင်တာနက်ပေါ်က လှည့်စားမှုရဲ့ တရားခံအစစ်အမှန်တွေကို ကျိုးရှောင်ဖေးက ဖော်ထုတ်ပြသပေးချင်ပါတယ်" လို့ ဆိုလာတာကို ဖတ်ရှုလိုက်ရပါတယ်။ ၂၀-၈-၂၀၂၃ ရက်နေ့က ၎င်းရဲ့ WeChat သတင်းစာမျက်နှာမှတစ်ဆင့် ဖော်ပြခဲ့တဲ့ "မြန်မာနိုင်ငံအကြောင်း သိကောင်းစရာနှင့် ဆက်သွယ်ရေးလိမ်လည်မှုနှင့်ပတ်သက်၍ တရားခံများအား ဖော်ထုတ်နိုင်ရေး" သတင်းဆောင်းပါးတစ်ပုဒ်ကို ပြန်လည်မျှဝေပေးလိုပါတယ်။ မစ္စတာကျိုးရှောင်ဖေးဟာ (၁၄)ကြိမ်မြောက် CPPCC အမျိုးသားကော်မတီ၊ Tianjin New Media Association ရဲ့ ဒုတိယဥက္ကဋ္ဌနဲ့ Tianjin Red Coast Culture Development တည်ထောင်သူဖြစ်ပါတယ်။

ကျိုးရှောင်ဖေးက "မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းတွေဟာ အမှောင်ဖုံးလျက်ရှိပြီး တရုတ်လူမျိုးတွေရဲ့အမြင်မှာ မြန်မာနိုင်ငံဟာ ဆက်သွယ်ရေးလိမ်လည်မှု၊ လူကုန်ကူးမှု၊ သတ်ဖြတ်မှု စတဲ့ ပြဿနာတွေ ဖြစ်ပေါ်လျက်ရှိတဲ့နေရာလို့ သတင်းမှားတွေရဲ့ လမ်းကြောင်းအရ ထင်မြင်လျက်ရှိတယ်။ အမှန်တကယ်မှာ အဲဒီပြဿနာတွေ ဖြစ်ပွားရာနေရာတွေဟာ မြန်မာနိုင်ငံအစိုးရရဲ့ ထိန်းချုပ်နယ်မြေတွေမဟုတ်ဘဲ ရာဇဝတ်ဂိုဏ်းတွေ အများစုတည်ရှိရာနေရာအချို့၌သာဖြစ်တယ်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစတဲ့မြို့ကြီးတွေဟာ လုံခြုံစိတ်ချမှုရှိတယ်။ မကြာမီက တရုတ်နိုင်ငံအစိုးရက တရုတ်နိုင်ငံသားတွေအတွက် အဖွဲ့လိုက်သွားလာခွင့်ပြုတဲ့ နိုင်ငံတွေစာရင်းမှာ မြန်မာနိုင်ငံကို ထည့်သွင်းထားတယ်" လို့ အစချီထားပါတယ်။

"မြန်မာနိုင်ငံရဲ့ ဒေသပထဝီမြေပြင်အနေအထားဟာ တရုတ်နိုင်ငံအတွက် လွန်စွာအရေးပါတယ်။ မြန်မာနိုင်ငံနဲ့ နီးနီးကပ်ကပ် ဆက်ဆံမယ်ဆိုပါက တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှတစ်ဆင့် ဘင်္ဂလားပင်လယ်အော် ပင်လယ်ရေကြောင်းတင်ပို့မှုကိုဖွင့်ပေးနိုင်မယ်၊ အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့အရေးယူမှုတွေကို ရှောင်ဖယ်နိုင်မယ်။ မြန်မာနိုင်ငံရှိ ကျောက်ဖြူရေနက်ဆိပ်ကမ်းဟာ တရုတ်နိုင်ငံအတွက် အလွန်အဆင်ပြေပြီး အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ဝင်ရောက်စွက်ဖက်ခြင်းမရှိတဲ့အတွက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ဖွင့်လှစ်ပြီးပါက မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ တောက်ပလာမှာဖြစ်တယ်" လို့ ဆက်လက်ဆိုထားပါတယ်။

"ယနေ့ခေတ် အင်တာနက်စာမျက်နှာတွေပေါ်မှာ မြင်တွေ့နေရတဲ့ ရာဇဝတ်မှုတွေဟာ မြန်မာနိုင်ငံရဲ့ မြောက်ပိုင်းနယ်မြေတွေနဲ့ ရွှေတြိဂံနယ်မြေတွေဖြစ်တယ်။ အဆိုပါဒေသတွေဟာ သွားလာဖို့ခက်ခဲပြီး ယင်းနေရာတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ဒေသခံခေါင်းဆောင်တွေက သိမ်းပိုက်ထားကာ ခွဲထွက်ရေးတပ်ဖွဲ့ဖွဲ့စည်းပြီး မင်းမူနေထိုင်လျက်ရှိတာဖြစ်တယ်။ ဒီဒေသတွေရဲ့ အမှောင်ဖုံးမှုနဲ့ အန္တရာယ်ရှိမှုတွေအတွက် မြန်မာနိုင်ငံအစိုးရ တစ်ရပ်တည်းကိုပဲ အပြစ်တင်လို့ မရနိုင်ဘူး"လို့ ဆိုထားပါတယ်။

ဆက်သွယ်ရေးလိမ်လည်မှုလုပ်ငန်းတွေဟာ အင်တာနက်နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အမေရိကန်နိုင်ငံကိုယ်တိုင် သားကောင်ဖြစ်လာခဲ့ပါတယ်။ ဆက်သွယ်ရေးလိမ်လည်မှုရဲ့ အရေးအကြီးဆုံးအချက်ဟာ ငွေကြေးဝန်ဆောင်မှုတွေဖြစ်ပြီး အရှေ့တောင်အာရှနဲ့ ဒူဘိုင်းတို့မှ ချမ်းသာသူတွေအများအပြားဟာ စင်ကာပူနိုင်ငံမှာ သွားရောက်နေထိုင်ကြပြီး ငွေကြေးခဝါချမှု၊ ဝန်ဆောင်မှုပေးတဲ့ ငွေကြေးဆိုင်ရာ ကုမ္ပဏီတွေ ထူထောင်ထားပါတယ်။ ငွေတွေကို Virtual currency မှတစ်ဆင့် ငွေကြေးခဝါချတဲ့ ဝန်ဆောင်မှုတွေနဲ့အတူ ယနေ့စင်ကာပူနိုင်ငံဟာ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးလိမ်လည်မှု ရာဇဝတ်မှုဆိုင်ရာ ငွေကြေးခဝါချမှုစင်တာလို ဖြစ်လာတယ်လို့ ဆိုထားပါတယ်။

> **ကမ္ဘာတစ်ခွင် ဆက်သွယ်ရေးနည်းပညာတွေ ထွန်းကားနေတဲ့ကာလမှာ လူသားအကျိုးပြုဆက်သွယ်မှုတွေ ရရှိနေမှာဖြစ်ပေမယ့် ဆက်သွယ်ရေးကိုအသုံးပြုပြီး လိမ်လည်မှုတွေ၊ ဒုစရိုက်မှုတွေ၊ မကောင်းမှုတွေလည်း ရှိနေဦးမှာဖြစ်ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို ထိခိုက်စေနိုင်တဲ့ ဆက်သွယ်ရေးလိမ်လည်မှုတွေ၊ လောင်းကစားမှုတွေကို နိုင်ငံတော်အစိုးရက ပြတ်သားစွာ တိုက်ဖျက်နှိမ်နင်းသွားမှာဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ အွန်လိုင်းပေါ်မှ လိမ်လည်မှုတွေ၊ ဒုစရိုက်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ လောင်းကစားမှုတွေကို အားမပေးမိဖို့ အသိပေးနှိုးဆော်**

**အွန်လိုင်းသတင်းတွေရဲ့ ဖြစ်ရပ်မှန်နေရာ**

လက်ရှိမှာ ဖိလစ်ပိုင်နိုင်ငံဟာ တရုတ်နိုင်ငံကို ဝင်ရောက်စွက်ဖက်ဖို့ အမေရိကန် စစ်အခြေစိုက်စခန်းကို တည်ထောင်ခွင့်ပေးထားပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာလည်း ဆက်သွယ်ရေးလိမ်လည်မှု၊ လူကုန်ကူးမှု၊ ငွေညှစ်မှု၊ အွန်လိုင်းလောင်းကစားဝိုင်းတွေ ထွန်းကားရာနေရာဖြစ်လာပါတယ်။ တရုတ်ကျောင်းသားတွေ ပြန်ပေးဆွဲခံရတာ၊ လူကုန်ကူးခံရတာ၊ တရုတ်ခရီးသည်တွေထံက ကျောက်ကပ်ထုတ်ယူတာစတဲ့ အွန်လိုင်းသတင်းတွေရဲ့ ဖြစ်ရပ်မှန်နေရာဟာ ဒူဘိုင်းမြို့မှာ ဖြစ်ပွားနေတာလို့ ဆိုပါတယ်။ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့မှာ အဲဒီလို ခွဲစိတ်မှုတွေ၊ ကိုယ်တွင်းကလီစာ အစားထိုးခွဲစိတ်ကုသခြင်းဆိုင်ရာ နည်းပညာတွေနဲ့ ကိုယ်တွင်းကလီစာတွေခွဲထုတ်ပြီး သိုလှောင်ဖို့ အအေးစက်တွေ၊ စက်ကိရိယာတွေ၊ တတ်ကျွမ်းတဲ့ ဆရာဝန်တွေ ဖွံ့ဖြိုးနေတာမရှိဘူးလို့ ဆိုထားပါတယ်။

ဒါပေမဲ့ ဖိလစ်ပိုင်နဲ့ ဒူဘိုင်းတို့မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသလို လက်နက်စွဲကိုင်တဲ့အဖွဲ့တွေ မရှိပါဘူး။ ပထဝီနယ်မြေဒေသအခြေအနေအရ မရှိနိုင်တာကြောင့်လည်းကောင်း၊ တရုတ်လူမျိုးတွေအမြင်မှာ ဒူဘိုင်းဟာ ချမ်းသာကြွယ်ဝမှုတွေကိုသာ အွန်လိုင်းပေါ်မှာ မြင်တွေ့လျက်ရှိတာကြောင့်လည်းကောင်း တရုတ်နိုင်ငံသားတွေအနေနဲ့ အဲဒီနေရာတွေမှာ အမှန်တကယ်ဖြစ်ပျက်နေတဲ့ကိစ္စတွေကို မြန်မာနိုင်ငံက ပဋိပက္ခတွေနဲ့အတူ မြန်မာနိုင်ငံဆိုပြီး မှားယွင်းစွာ ပြောဆိုနေကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အစိုးရအုပ်ချုပ်မှုအောက်ရှိ မြို့တွေမှာ တရားဥပဒေစိုးမိုးမှုရှိပြီး ဆက်သွယ်ရေးလိမ်လည်မှုဇုန်တွေမရှိပါဘူး။ တရုတ်နိုင်ငံဟာ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနဲ့ အခြားနိုင်ငံတွေနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို လက်တွဲပူးပေါင်းလုပ်ဆောင်နေပြီး ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးတွဲတရားဥပဒေစိုးမိုးရေးစင်တာကို တည်ထောင်နိုင်ဖို့ ကြိုးပမ်းလျက်ရှိနေတယ်လို့ မစ္စတာကျိုးရှောင်ဖေးက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ နယ်စပ်ဒေသအချို့နဲ့ အချို့ဒေသတွေမှာရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နဲ့ ရာဇဝတ်ဂိုဏ်းတွေရဲ့ ကျူးလွန်လုပ်ဆောင်မှုတွေနဲ့ ရောထွေးပြီး အထင်အမြင်လွဲမှားစရာတွေ ကြုံတွေ့နေရပါတယ်။ အင်တာနက် အွန်လိုင်းပေါ်တွေမှာတွေ့ရှိတဲ့ အဖြစ်အပျက်အများစုဟာ အခြားနိုင်ငံတွေရဲ့ ဖြစ်ပျက်တာတွေဖြစ်ပါတယ်။

အဆိုပါသတင်းဆောင်းပါးဟာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဖြစ်ရပ်မှန်တွေနဲ့ အနီးစပ်ဆုံး ဖော်ပြထားတာတွေ့ရပါတယ်။ တရုတ်မီဒီယာတွေမှာ ပျံ့နှံ့လျက်ရှိတဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းမှားတွေကို အသေးစိတ်ပြန်လည်ရှင်းလင်းတင်ပြခဲ့တဲ့အတွက် မစ္စတာကျိုးရှောင်ဖေးကို ကျေးဇူးတင်ရမှာဖြစ်ပြီး အထင်အမြင်လွဲမှားမှုတွေကို ရှင်းလင်းပြောပြပေးလို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံခရီးသွားတွေရဲ့ စိတ်ဝင်စားမှုကို ပြန်လည်မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

ကမ္ဘာတစ်ခွင် ဆက်သွယ်ရေးနည်းပညာတွေ ထွန်းကားနေတဲ့ကာလမှာ လူသားအကျိုးပြုဆက်သွယ်မှုတွေ ရရှိနေမှာဖြစ်ပေမယ့် ဆက်သွယ်ရေးကိုအသုံးပြုပြီး လိမ်လည်မှုတွေ၊ ဒုစရိုက်မှုတွေ၊ မကောင်းမှုတွေလည်း ရှိနေဦးမှာဖြစ်ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို ထိခိုက်စေနိုင်တဲ့ ဆက်သွယ်ရေးလိမ်လည်မှုတွေ၊ လောင်းကစားမှုတွေကို နိုင်ငံတော်အစိုးရက ပြတ်သားစွာ တိုက်ဖျက်နှိမ်နင်းသွားမှာဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ အွန်လိုင်းပေါ်မှ လိမ်လည်မှုတွေ၊ ဒုစရိုက်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ လောင်းကစားမှုတွေကို အားမပေးမိဖို့ အသိပေးနှိုးဆော်လိုက်ရပါကြောင်း။ ။

> **မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းတွေဟာ အမှောင်ဖုံးလျက်ရှိပြီး တရုတ်လူမျိုးတွေရဲ့အမြင်မှာ မြန်မာနိုင်ငံဟာ ဆက်သွယ်ရေးလိမ်လည်မှု၊ လူကုန်ကူးမှု၊ သတ်ဖြတ်မှု စတဲ့ပြဿနာတွေ ဖြစ်ပေါ်လျက်ရှိတဲ့နေရာလို့ သတင်းမှားတွေရဲ့ လမ်းကြောင်းအရ ထင်မြင်လျက်ရှိတယ်။ အမှန်တကယ်မှာ အဲဒီပြဿနာတွေ ဖြစ်ပွားရာနေရာတွေဟာ မြန်မာနိုင်ငံအစိုးရရဲ့ ထိန်းချုပ်နယ်မြေတွေမဟုတ်ဘဲ ရာဇဝတ်ဂိုဏ်းတွေ အများစုတည်ရှိရာ နေရာအချို့၌သာဖြစ်တယ်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစတဲ့မြို့ကြီးတွေဟာ လုံခြုံစိတ်ချမှုရှိတယ်။ မကြာမီက တရုတ်နိုင်ငံအစိုးရက တရုတ်နိုင်ငံသားတွေအတွက် အဖွဲ့လိုက်သွားလာခွင့်ပြုတဲ့ နိုင်ငံတွေစာရင်းမှာ မြန်မာနိုင်ငံကို ထည့်သွင်းထား**

# နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် ရုပ်သိမ်းကြောင်းထုတ်ပြန်ကြေညာ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**နေပြည်တော်**

**သတင်းထုတ်ပြန်ချက်**

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသည့် အောက်ဖော်ပြပါ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရ ကုမ္ပဏီများသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု စည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များအား လိုက်နာမှုမရှိသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အမှုဆောင်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင် (Money Changer License) အား ရုပ်သိမ်းကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်-

၁။ Myanma Power Spectrum Co., Ltd
၂။ Pyae Hein Kyaw Co., Ltd
၃။ Apex Exchange Trading Co., Ltd
၄။ Yong Xin Co., Ltd
၅။ တက်တိုးအောင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်
၆။ Pyone Pyone Cho Co., Ltd
၇။ Tint Nay Hline Travels &Tours Co., Ltd
၈။ Tycoon Brother's Group Co., Ltd
၉။ Affinity Tour Ltd
၁၀။ Lion King Construction Group Co., Ltd
၁၁။ TPD Group Co., Ltd
၁၂။ Columbus Travel & Tours Co., Ltd
၁၃။ Myanmar Integrity General Service Co., Ltd
၁၄။ Aung Pyae Wa Phyo Co., Ltd
၁၅။ Royal Thant Family Co., Ltd
၁၆။ Shang Khan Kyauk Lone Co., Ltd
၁၇။ Su Thiri Thaw Co., Ltd
၁၈။ Sccp Prince Co., Ltd
၁၉။ T Z K Co., Ltd
၂၀။ Shwe Nan Taw Wyn Co., Ltd
၂၁။ Shwe La Yaung Lin Lin Co., Ltd
၂၂။ RIO Travels & Tours Co., Ltd
၂၃။ Super Technology Products Services Co., Ltd
၂၄။ Royal Lake Hotel Co., Ltd
၂၅။ Golden Interlink Co., Ltd
၂၆။ Aye Best Co., Ltd
၂၇။ Billion Soe Kaung San Co., Ltd
၂၈။ Global Harvest Financial Service Ltd
၂၉။ Nilar Khin Family Group Co., Ltd
၃၀။ Golden Shell Co., Ltd
၃၁။ Grand Capital Myanmar Co., Ltd
၃၂။ M.H.S Travels & Tours Co., Ltd
၃၃။ Yangon Syndicate Limited (Panorama Hotel)
၃၄။ Perfect Days Travel & Tour Co., Ltd
၃၅။ A C R Thu Kha Chan Thar Co., Ltd
၃၆။ Golden Education Co., Ltd
၃၇။ Myanmar Life Hotel Investment Co., Ltd
၃၈။ Diamond Palace Services Co., Ltd
၃၉။ Sky Wheel Company Limited
၄၀။ Ngwe Tharaphu Royal Co., Ltd
၄၁။ Minn Tun Trading Co., Ltd
၄၂။ Family Treasure Travels & Tours Co., Ltd
၄၃။ Win Progress Services Co., Ltd
၄၄။ Quality True Engineering Group Services Co., Ltd
၄၅။ Linn Life Co., Ltd
၄၆။ Shwe Wei Phone Myat Co., Ltd
၄၇။ Aye Mya Trading Co., Ltd
၄၈။ Treasure Phoenix Travels & Tours Co., Ltd
၄၉။ Thu Htay Thame Co., Ltd
၅၀။ Future Star Trading Co., Ltd
၅၁။ Royal Myanmar Tha Gyee Family Co., Ltd
၅၂။ Billion Coin Co., Ltd
၅၃။ Win Top Engineering & General Services Co., Ltd
၅၄။ Maung Maung Than & Group Co., Ltd
၅၅။ Golden Bell Family Jewellery Co., Ltd
၅၆။ The National Travels & Tours Co., Ltd
၅၇။ MR Co., Ltd
၅၈။ U Sin Pout and Sons Co., Ltd
၅၉။ Lucky Maximum Service Co., Ltd
၆၀။ Golden Trip Travels & Tours Co., Ltd
၆၁။ Caesar Plaza Hotel Co., Ltd
၆၂။ Nice Fare Travel Co., Ltd
၆၃။ Eternal Success Co., Ltd
၆၄။ Fair & Square Travels & Tours Co., Ltd
၆၅။ Chun Hua Trading Co., Ltd
၆၆။ Inn Pauk Wa Co., Ltd
၆၇။ Myanmar King Fish Ltd
၆၈။ Shauk Ho Family Co., Ltd
၆၉။ Amata International Co., Ltd
၇၀။ Si Thu Gamani Gems Co., Ltd
၇၁။ Thawdar & Thiri Trading Co., Ltd
၇၂။ Mandalay Swan Hotel
၇၃။ Soo-Pin Co., Ltd
၇၄။ Ngwe Zinyaw Company Limited
၇၅။ Grand Wynn Enterprises Ltd
၇၆။ Mi Mi Lay Trading Co., Ltd
၇၇။ Htet Myo Swe Company Limited
၇၈။ Manoj & Brothers Co., Ltd
၇၉။ Ngwe Laminn Services Co., Ltd
၈၀။ Woben Services Co., Ltd
၈၁။ Good to Go Travels & Tours Co., Ltd
၈၂။ K Diamond Company Limited
၈၃။ Genuine Trading Co., Ltd
၈၄။ ဇာတိရွှေရည်ကုမ္ပဏီလီမိတက်
၈၅။ Hla Hla Pa Pa Limited
၈၆။ Kappa International Ltd
၈၇။ Neelam Trading Co., Ltd
၈၈။ Shwe Myinn Hotel & Trade Ltd
၈၉။ Thirawmani Co., Ltd
၉၀။ Asia Tours Myanmar Co., Ltd
၉၁။ Khin & Su Co., Ltd
၉၂။ Grand Win Yadanar Co., Ltd
၉၃။ Win Lae Ni Ni Co., Ltd
၉၄။ Taw Win Family Construction Co., Ltd
၉၅။ Tet Shwe Tet Co., Ltd
၉၆။ World Bird Travels & Tours Co., Ltd
၉၇။ International Best Service Co., Ltd
၉၈။ Royal Shein Co., Ltd
၉၉။ Golden Leaf Co., Ltd
၁၀၀။ Shwe Min Thu Co., Ltd
၁၀၁။ Sein Kyaw Moe Co., Ltd
၁၀၂။ Integrate Regional Development Cooperation Co.,Ltd
၁၀၃။ Ngwe Panda (Microfinance) Co., Ltd
၁၀၄။ Mya Pan Htwar Co., Ltd
၁၀၅။ Global Max Asia Co., Ltd
၁၀၆။ Asia Oceanid Group of Co., Ltd
၁၀၇။ PTFX Myanmar Co., Ltd
၁၀၈။ Hein Chan Thar Co., Ltd
၁၀၉။ Shwe Latt Aung Co., Ltd
၁၁၀။ Wide Shine Co., Ltd
၁၁၁။ Blissful Myanmar Co., Ltd
၁၁၂။ Yaung Sin Toe Co., Ltd
၁၁၃။ New S.P.K Co., Ltd
၁၁၄။ Kaday Paing Co., Ltd
၁၁၅။ Regal Hospitality Co., Ltd
၁၁၆။ PLM Co., Ltd
၁၁၇။ Grand Park Hotel Co., Ltd
၁၁၈။ Royal Win Palace Co., Ltd
၁၁၉။ Nelson Htun Co., Ltd
၁၂၀။ Yong Ying Group Co., Ltd
၁၂၁။ Jie Ming Corporation Limited
၁၂၂။ Ngwe Nann Beiman Co., Ltd
၁၂၃။ Sedona Hotel (Straits Greenfield Limited)

■

## မိတ္ထီလာမြို့ ရန်မျိုးအောင်ဈေး၌ ပြည်သူ့သက်သာဈေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ

**မိတ္ထီလာ စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မိတ္ထီလာမြို့ ရန်မျိုးအောင်ဈေး၌ ပြည်သူ့သက်သာဈေး



အရောင်းဆိုင်ကို ယနေ့နံနက် ၇ နာရီက ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ဝက်သား၊ ဆိတ်သား၊ အမဲသား၊ ငါး၊ ပုစွန်၊ ခေါက်ဆွဲ စသည့်အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရာ ဈေးရောင်းဈေးဝယ်နေမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။ ထိုသို့ ရောင်းချသည့် အခြေခံစားသောက်ကုန်များကို ထုပ်ပိုးရောင်းချပေးရာ၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် ပလတ်စတစ်သုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် ပလတ်စတစ်အစားထို အင်ဖက်၊ သတင်းစာစက္ကူများဖြင့် ထုပ်ပိုးရောင်းချပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အ.လ.က ချမ်းမြသာမြေ၌ စက်တင်ဘာ ၁၉ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးအောင်ကျော်မိုးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းဇော်တို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၄၅ ဦး၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ၂၀ တို့က ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။

အောင်သူ(ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၆၈၀ တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ဓာတုပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၆၈၀ တန်ဖိုးရှိ တရားမဝင်သယ်ဆောင်လာသည့် ဓာတုပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၄ ရက် နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီး သာစည်-တောင်ကြီးသွားကားလမ်းတွင် ထွန်းမြင့်ဦး မောင်းနှင်ပြီး ဝေဖြိုးကျော် လိုက်ပါလာသည့် Dongfeng ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၁၆၈၀ တန်ဖိုးရှိ ဓာတုပစ္စည်း Phenol Loose Crystals ၂၁ တန် သိမ်းဆည်းရမိ ခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဓာတုပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီးမှ ရှမ်းပြည်နယ်သို့ တရားမဝင်သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး



ထွန်းမြင့်ဦးနှင့် ဝေဖြိုးကျော်တို့ကို သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aung Htun Linn" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကဉ္စနမဟီရပ်ကွက်နေ အောင်ထွန်းလင်း(ခ) နေလင်း(ခ) ကျောက်ကြီးအား ညနေ ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ "@ zaw chan aye" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်နေ အေးချမ်းဇော်အား ည ၉ နာရီ မိနစ်၂၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြောက်ဦးမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

မြောက်ဦး စက်တင်ဘာ ၁၉

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့ဝင်များက ထမ္မရာဇ်ရပ်ကွက် ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ကရုဏာလှိုင်းသွေးလှူရှင်များအသင်းတွင် ယမန်နေ့နံနက် ၈ နာရီက စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပသည်။

ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းကြရာ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ အမှတ်(၁၁)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီးမျိုးဝဏ္ဏ၊ အမှတ်(၃၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီး ဇော်ဝင်းထွန်းနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းကြသည့် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား နှုတ်ဆက်အားပေးစကားပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **မြင့်စိုး(ပြန်/ဆက်)**





(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် မလွှကုန်းရပ်ကွက် ရထားရဲတပ်ဖွဲ့ အမှတ်(၁၃)တပ်ခွဲ ရန်ကုန်မှ ဒုတိယရဲမှူးဇော်လင်း ဦးစီး၍ တပ်ဖွဲ့ဝင်များက မလွှကုန်းမီးရထားဆေးပေးခန်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၉-၂၀၂၃ ဗုဒ္ဓဟူးနေ့

### MRTV HD

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဝဋ္ဋသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ရေခဲတောင်ကြီးများရှိရာသို့
- **၀၉:၁၅** စိုက်ပျိုးမွေးမြူသုတဘဏ်
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၁:၁၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ အစီအစဉ်
- **၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- **၁၂:၃၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘောအက်ဆေး' (အပိုင်း-၂)
- **၁၃:၀၀** သီချင်းကြီးပဒေသာ
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၁၈)
- **၁၄:၄၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၂၂)
- **၁၅:၂၅** Weekly Soccer Preview
- **၁၆:၃၅** ရွှေသို့ချိမည်ပန်းတိုင်ဆီ
- **၁၇:၁၅** ရတုအဆက်ဆက်တာဝန်ကျေMNA
- **၁၇:၄၀** Success Story (123 Preserved Fruits)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) 'ရှင်းလေ...ရှုပ်လေ'
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘောအက်ဆေး' (အပိုင်း-၃)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** နိပါတ်တော်လာဇာတ်သဘင်မဟာ 'ငရသည်ဖြစ်ဇာတ်'
- **၂၁:၄၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၀)

### mitv

- **07:01** Evergreen Classic: Myitta (Kyawt Kay Khaing)
- **07:08** Listening Pleasure, Instrumental Music (Don Min) Kyay Say Ta Man (Love Messenger)
- **07:22** Palm-leaf Inscriptions and Parabaiks from Inlay Region
- **07:32** Chef Life: Tun Tun
- **07:45** Talking Shwe Thway (Children Journal)
- **08:01** News
- **08:26** Ecotourism: Tamu And Hand Washing Lake
- **08:41** Mhaw Yaw Gyi Elephant Camp
- **09:01** Myanmar Sculpture-work of Art
- **09:17** Palm Resort
- **09:25** The Ornithologist: Dr. Thein Aung
- **10:01** News

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ခန့်ညားရှုယဉ်မွန်တို့အသွင်ခေတ်အဆက်ဆက်ဝတ်စားဆင်ယင်မှု

**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
အရိုးဆွေးလက်ရာ(ယောက်သွားသုပ်နှင့် ခရမ်းသီးမြေအိုးကပ်ချက်)

**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ရှမ်းရိုးရာ 'နှံ့တုံ' ဟင်းလျာ

**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
တောင်ပေါ်ဒေသတို့လက်ရာ(ကြက်သားဘူးချဉ်ဟင်း)

**ဝကကာကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံ

**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၆)

**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
တလာခူးရွာသို့အလည်သွားကြရအောင်

**ချင်း(လိုင်းစိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ရသာချိုမြိန်ချင်းရိုးရာမှုစ်ဟင်းရည်ဘိုင်

**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
လည်ပတ်ချင်စရာချပ်ကျေးရွာ (အပိုင်း-၂)

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၄၅** အိပ်မက်လမ်းကိုဖြတ်သန်းရဝေးအဒမ်း
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၀၉:၄၅** SPORTS MAX
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၂:၄၅** ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- **၁၄:၀၀** MRTV National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၉:၁၅** ခရီးသွားစခန်းအသစ် ပေလီကမ်းခြေမှ အဘဲရှာ
- **၂၀:၀၀** ပြည်တွင်းသတင်း(LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၂)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- **၁၁:၃၀** ရွှေသို့ချိမည်...ပန်းတိုင်ဆီ (အပိုင်း-၁၁)
- **၁၈:၀၀** Economic Review (အပိုင်း-၂၀) (ငွေစက္ကူသစ်၏အကျိုးသက်ရောက်မှုများ)

### MRTV FARMERS' / HTV Channel

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၃၀** ကြံဖတ်မှသည်ကုန်ချောနှစ်မျိုးဆီသို့
- **၀၇:၀၀** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၁၈:၀၀** First Ever Tour of My New Garden
- **၁၈:၃၀** Working the land for our climate - Healthy soil, health world | DW Documentary
- **၁၉:၀၀** Gardeners' World 2023 Eps 2
- **၂၂:၀၀** ရင်ထဲကရွှေနန်းကျင်(ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- **၀၆:၀၀** အဖွင့်
- **၀၆:၂၀** လူငယ်တို့အတွက်လမ်းပြကြယ်
- **၀၆:၄၀** SPORTS Diary
- **၁၆:၃၀** MNL 2022 Match (Replay)
- **၁၈:၀၀** အားကစားသတင်း
- **၁၉:၄၀** Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုးက လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူး ဆန်းထွန်းအောင်က မှဒိတာစကားပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်း စတင်ခဲ့ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာမိုး၊ တွဲဖက်ဦးဆောင်ဆွေးနွေးသူအဖြစ် အထက(၂) ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သိန်းယုဆွေတို့က ဦးဆောင်ဆွေးနွေးကာ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ အစရှိသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးကြသည်။

ထို့နောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ အဆိုပါ လူငယ်စကားဝိုင်းသို့ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ/ရသ စာအုပ်များကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နီနီအောင် (ပြန်/ဆက်)**

## နောင်ကုလားပန်းတိမ်ရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကမ္ဘာ့ဆရာများနေ့အထိမ်းမှတ် စွမ်းရည်ပြပွဲ ပြုလုပ်

**သထုံ စက်တင်ဘာ ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားပန်းတိမ်ရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အဖြစ် ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြပွဲနှင့် အာစရိယ ပူဇော်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။



### စုပေါင်းသီဆိုဖွင့်လှစ်

ဦးစွာ ကျောင်းသား ကျောင်းသူများက မြတ်ဆရာသီချင်းကို စုပေါင်း သီဆိုဖွင့်လှစ်ပြီး ကျောင်းအုပ် ဆရာမကြီး ဒေါ်ဖြိုးအိအိစံက ကလေးများ ဗလငါးတန်ဖွံ့ဖြိုးရေး၊ စဉ်းစားတွေးခေါ်တတ်သည့်ဉာဏ် ရင့်သန်ပြီး လူအများရှေ့၌ ပြောရဲဆိုရဲရှိစေရေးတို့ကို ရည်ရွယ်ကာ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ယခု စွမ်းရည်ပြသခြင်းသည် ကလေးများကိုယ်တိုင် လေ့လာဖတ်မှတ်ပြုစုပြီး အတန်းလိုက် ကိုယ်စားလှယ်တစ်ဦးစီက အသိပညာမျှဝေဖလှယ်ပေးခြင်းဖြစ်ရာ ရေရှည်စွဲမြဲမှတ်မိနေမည်ဟု မျှော်မှန်းကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် KG တန်းမှ Grade-8 အထိ ကျောင်းသား ကျောင်းသူများက ၎င်းတို့ ဖတ်မှတ်လေ့လာထားသည့် ဆရာ့ဂုဏ်ကျေးဇူးများနှင့် ပတ်သက်သည့် အသိပညာများ ဖလှယ်၍ ဟောပြောခြင်း၊ ကဗျာများရွတ်ဆိုခြင်း၊ တေးသီချင်းများသီဆိုခြင်း၊ ပြဇာတ်သရုပ်ဖော်ခြင်း စသည့် စွမ်းရည်အသီးသီးတို့ကို ထုတ်ဖော်ပြသကြရာ ကျောင်းသား ကျောင်းသူများက တပျော်တပါး ကြည့်ရှု အားပေးခဲ့ကြပြီး နောင်ကုလား ပန်းတိမ်ရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများအား စုပေါင်း ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

## မိုးနဲမြို့ အလက(ခွဲ) နောင်ကျော့ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**မိုးနဲ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းမှုဖြင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နောင်ကျော့ ရပ်ကွက် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးငိုပွယ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက လူငယ်ရေးရာဟောပြောပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကဏ္ဍအပြင် စာရိတ္တကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကျန်းမာရေးကောင်းမွန်စေရေး၊ ကြီးပွားရေးအမြင်ရှိစေရေးတို့အပြင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးစဝ်ကျော်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ချိတ်ဆွဲပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ပိုးတောင်း**

## သဲကုန်းမြို့နယ် အ.ထ.က ဆင်မြီးဆွဲကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**သဲကုန်း စက်တင်ဘာ ၁၉**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့၏ စီစဉ်မှုဖြင့် သဲကုန်းမြို့နယ် အထက ဆင်မြီးဆွဲကျောင်း မြတ်ပညာခန်းမ၌ ယမန်နေ့က လူငယ်စကားဝိုင်း ကျင်းပခဲ့သည်။




အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် လူငယ်များအနေဖြင့် လူငယ်စကားဝိုင်းမှ အသိဉာဏ်ပညာဗဟုသုတများ ပိုမိုရရှိစေရေး၊ စကားပြော အတတ်ပညာ ကျွမ်းကျင် တတ်မြောက်ပြီး လူအများရှေ့၌ ရဲဝံ့စွာ စကားပြောဆိုတတ်စေရေး စသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် လူငယ်စကားဝိုင်းများ ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေး၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးဇော်လှိုင်နှင့် အထက ဆင်မြီးဆွဲမှ မောင်ပြည့်စုံအောင် Grade -11 ကလူငယ်နှင့်စာပေ၊ မထွေးထွေးစုလှိုင် Grade-12 က လူငယ်နှင့် စာရိတ္တ၊ မောင်ကောင်းခန့်ကို Grade-9 ကလူငယ်နှင့် ကျန်းမာရေး၊ မသရဖီကျော်ကျော် Grade-12 က လူငယ်နှင့်အားကစား စသည့် ခေါင်းစဉ်များဖြင့် ရှင်းလင်းဆွေးနွေးကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဟသ်ာတမြို့နယ်၌ လူငယ်များ ဗလငါးတန်ပြည့်စုံစေရန် လူငယ်စကားဝိုင်း ကျင်းပ



**ဟသ်ာတ စက်တင်ဘာ ၁၉**

ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဟသ်ာခန်းမ၌ ယမန်နေ့နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက လူငယ်စကားဝိုင်းများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးတိုးဝင်းက ပညာရေးဌာန၏ ဆောင်ရွက်နေမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ အကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်(ပြန်/ဆက်) ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေ၊ ခရိုင်ပညာရေးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးသက်ဆွေနှင့် ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်စာဖတ်ခြင်း"၊ "လူငယ်နှင့်အင်တာနက်သုံးစွဲမှု"၊ "လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်"၊ "လူငယ်နှင့်ကျန်းမာရေး"၊ "လူငယ်နှင့်အားကစား" ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၊ ဧည့်ပရိသတ်များက ဆွေးနွေးမှုများနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဦးဆောင်ဆွေးနွေးကြသော ကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

■

☆ **ကျောဖုံးမှ**

အဆိုပါ Boeing 737-400 အမျိုးအစား ကုန်တင်လေယာဉ်သည် မြန်မာနိုင်ငံသို့ ယခုလ ၁၅ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ကုန်တန်ချိန်အားဖြင့် ၁၈ တန် အထိ သယ်ဆောင်နိုင်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ကုန်တင်လေယာဉ်ခရီးစဉ်များကို ဒေသတွင်းနိုင်ငံများ ဖြစ်ကြသည့် တရုတ်၊ စင်ကာပူ၊ မလေးရှားနှင့် အိန္ဒိယနိုင်ငံတို့သို့လည်း ထပ်မံတိုးချဲ့ ပျံသန်းပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကုန်စည်ပို့ဆောင်ရေးခရီးစဉ်များကို တိုးချဲ့ပျံသန်းပြေးဆွဲခြင်းဖြင့် နိုင်ငံ၏ ပို့ကုန်/သွင်းကုန် တိုးမြှင့် တင်ပို့နိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးရာလည်း ရောက်မည်ဖြစ်သည်။ ယနေ့ ပထမဦးဆုံး ပျံသန်းသည့် ကုန်တင်လေယာဉ်ခရီးစဉ်တွင် ကုန်စည်စုစုပေါင်းတန်ချိန် ၁၅ ဒသမ ၉ တန် သယ်ယူပို့ဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# အမြို့မြို့အနယ်နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးထိုးနှံပေး

**ပုသိမ်**

အသက်(၉)နှစ်ပြည့်ပြီး (၁၂) နှစ်မကျော်သော မိန်းကလေးများအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) စတင်ထိုးနှံခြင်း တိုင်းဒေသကြီးအဆင့် ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသူလေးများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံထားခြင်းဖြင့် လာမယ့် ၂၀၃၀ ပြည့်နှစ်တွင် ကျန်းမာရေး စောင့်ရှောက်မှု လူဦးရေ ၂၄ သန်းစာအတွက် ကုန်ကျစရိတ်များ လျော့ကျသွားစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံရခြင်း၏ ရည်ရွယ်ချက်သည် မိန်းကလေးငယ်များကို အသက် (၉)နှစ် အရွယ်တွင် ထိုးပေးခြင်းဖြင့် ဗိုင်းရပ်(စ်)ပိုးနှင့် စတင်ထိတွေ့ခြင်းမရှိမီ အချိန်တွင် ကြိုတင် ကာကွယ်ထားနိုင်ပြီး သားအိမ်ခေါင်း ကင်ဆာရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်နှင့် သားအိမ်ခေါင်းကင်ဆာ ရောဂါ ကူးစက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အသက်(၉)နှစ်မှ(၁၂)နှစ်အကြား ကျောင်းသူများနှင့် ကျောင်းပြင်ပ မိန်းကလေးငယ်အားလုံးကို ထိုးနှံပေးရန်ဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံခြင်း အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုအား ပြသခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံခြင်းအား ကြည့်ရှုအားပေးကာ (ဝဲပုံ) ကျောင်းသူများအား အမှတ်တရပစ္စည်းများ ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

■



**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ အသက်(၉)နှစ်မှ (၁၂) နှစ်အထိ မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲက အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ အခြေခံပညာမူလတန်းကျောင်းများနှင့် အလယ်တန်းကျောင်းများတွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းမြင့်သူနှင့် ကျန်းမာရေးဝန်ထမ်းများက သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး ထိုးနှံမည့် ကျောင်းသူများအား စာရင်းသွင်းခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ပေးရာ စုစုပေါင်း ကျောင်းသူ ၁၄၈ ဦးတို့ကို (HPV) ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။ ကာကွယ်ဆေး လာရောက်ထိုးနှံသည့် ကျောင်းသူများအား အင်းစိန်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က အအေးများ လှူဒါန်းခဲ့သည်။

**မြင့်ဦး**



**ကျောက်တံခါး**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ်တွင် အသက်(၉)နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သည့် ကျောင်းသူမိန်းကလေးများအား ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV)ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက အထက ကျောက်တံခါး ပတ္တမြားခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစည်သူစန်းက (HPV) ကာကွယ်ဆေးထိုးနှံပေးခြင်းဖြင့် Human Papilloma Virus ဟုခေါ်သည့် HPV ပိုးကြောင့်ဖြစ်တတ်သည့် သားအိမ်ခေါင်းကင်ဆာနှင့် မျိုးပွားလမ်းကြောင်းတွင် ဖြစ်ပွားတတ်သည့် ကင်ဆာရောဂါများကို ကာကွယ်ပေးနိုင်ကြောင်းနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၀၉ ကျောင်းမှ ကျောင်းသူ ၆၈၁၂ ဦးအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ဆေးထိုးနှံပေးနေမှုများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ညောင်လေးပင်**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် အသက်(၉)နှစ်ပြည့်ပြီး အသက်(၁၂)နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး(HPV) ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အထက(၂)၌ ပြုလုပ်ခဲ့သည်။

အသက် (၉)နှစ်မှ (၁၂)နှစ်အထိ ကျောင်းသူများအား ရင်သားကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ (HPV) နှင့်ပတ်သက်၍ သိကောင်းစရာများအား အသိပညာပေးပြောကြားခြင်းနှင့်သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး(HPV) ထိုးနှံပေးခြင်းကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွံမ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန် ဒေါက်တာစောကလျာ၊ မြို့နယ်/ကျေးလက် ကျန်းမာရေးဆရာမများနှင့် တာဝန်ရှိသူတို့ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၉ ရက်အထိ ကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းသူနိုင်(ပြန်/ဆက်)**

**မိုးနဲ**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV) ထိုးနှံခြင်းကို အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီကဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဇင်မီဟန် ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အသက် (၉) နှစ်ပြည့်ပြီး (၁၂) နှစ်မကျော်သော ကျောင်းသူလေးများအား လိုအပ်သောကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာနေရာသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲမှအသင်းဝင်များက လိုအပ်သော ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြပြီး အထက (ဟွေပေး)၊ (လွိုင်ချို) နှင့် (နောင်ကျော)ကျောင်းများ၌ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကျိုင်းတုံ**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(အခမဲ့)ထိုးနှံခြင်း ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) အဖွဲ့ဝင် (၂) ဦးမင်းညိုက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်နှင့် ပြည်နယ်ပညာရေးမှူး(ရုံးခွဲ) ကျိုင်းတုံမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အောင်ချိုတို့က ကျောင်းအခြေပြုအဖြစ် မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) အခမဲ့ထိုးနှံပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံခြင်း အထိမ်းအမှတ် ဗီဒီယိုပြသခြင်း၊ ပြခန်းများပြသခြင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)များ ထိုးနှံခြင်းတို့ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**



# အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁၉**

ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများ ယှဉ်ပြိုင်ရန် စာမူများဖိတ်ခေါ်ကြောင်း ယနေ့ကြေညာသည်။

ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ဘာသာရပ် ငါးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသော ဘာသာရပ်တိုင်းတွင် တစ်ဦးတည်းက တစ်မျိုးစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပခုက္ကူဦးအုံးဖေ စာပေဆုအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် လေးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေစာပေဆု ဘာသာရပ် ငါးမျိုးအတွက် စာပေပြိုင်ပွဲဝင်လိုသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်ရေးရာဇဝင် အပြည့်အစုံ ဓာတ်ပုံနှစ်ပုံဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် (၃၇) လမ်းနှင့် ကုန်သည်လမ်းထောင့် အမှတ် (၅၂၉-၅၃၁) ရှိ စာပေဗိမာန်သို့ ပေးပို့ရမည်ဖြစ်သည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁)၊ (၃၇)လမ်းနှင့် ကုန်သည်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ငွေကျပ် ၁၅၀၀ ဖြင့် ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများနှင့် စည်းကမ်းချက်များကို မှာယူနိုင်ကြောင်း သိရသည်။

**စာပေဗိမာန်**




# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ(၂၀၂၃) ထွက်ပြီ

**နေပြည်တော် စက်တင်ဘာ ၁၉**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် **"သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၂၃) စာအုပ်"**ကို ပြည်သူများအသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ မြန်မာလူငယ်လူရွယ်များ ပညာစွမ်းရည်ပြည့်ဝစေရန်၊ သင်တန်းဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် သိလိုသည့်အချက်အလက်များကို တစုတစည်းတည်း ရှာဖွေသိရှိနိုင်စေရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ် စက်တင်ဘာလ၌ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာ ကောက်နုတ်ချက်များ၊ မြန်မာ့ရေးရာသိမှတ်ဖွယ်ရာများ၊ နိုင်ငံတကာရေးရာသိမှတ်ဖွယ်ရာများ၊ အထွေထွေသိမှတ်ဖွယ်ရာများ၊ နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများကို နောက်ဆုံးအခြေအနေအထိ ပြည့်စုံစွာ ထည့်သွင်းဖြည့်စွက်ဖော်ပြထားသည်။

## သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၃) ထွက်ပြီ




ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ မြန်မာလူငယ်လူလတ်များ ပညာစွမ်းရည်ပြည့်ဝစေရန်၊ ဝင်ခွင့်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်နှင့် သိလိုသည့်အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေသိရှိနိုင်စေရန် ရည်ရွယ်၍ **"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၃)"** စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ပါပြီ။ စာအုပ်တွင် -

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာကောက်နုတ်ချက်များ၊
- နိုင်ငံတကာရေးရာသိမှတ်ဖွယ်ရာများ၊
- မြန်မာရေးရာသိမှတ်ဖွယ်ရာများ၊
- သံတမန်ဆိုင်ရာသိမှတ်ဖွယ်ရာများ၊
- အထွေထွေသိမှတ်ဖွယ်ရာများ၊
- နိုင်ငံ့ဝန်ထမ်း လျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊
- ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာများနှင့် ရာထူးဝင်စာမေးပွဲများဖြေဆိုရာတွင် အထောက်အကူပြုမည့်အချက်အလက်များ ပြည့်စုံစွာဖော်ပြထားပါသည်။

အိမ်တိုင်းရှိရမည့် စာအုပ်
လူတိုင်းသိရမည့်အချက်များ
သတင်းခေတ်၊ ပညာခေတ်မှာ
လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်အောင်
စုဆောင်းထားသည့်
"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ" စာအုပ်။

- ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ နေပြည်တော်။ ဖုန်း - ၀၆၇ ၃ ၄၁၂၃၇၁၊ ၀၆၇ ၃ ၄၁၂၅၅၃၊ ရန်ကုန်၊ ၀၁ ၈ ၃၈၄၈၀၃၊ ၀၁ ၈ ၃၇၁၃၄၂။
- အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ။
- စာပေဗိမာန်စာအုပ်အရောင်းဆိုင်များ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်။

သတင်းခေတ်၊ ပညာခေတ်တွင် လူတိုင်းသိထားသင့်သည့် အချက်အလက်များကို လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်စေရန် စုဆောင်းပြုစုထားသော စာအုပ်ဖြစ်သဖြင့် ဗဟုသုတရှာမှီးလိုသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့်စာအုပ်ဖြစ်ပြီး အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့် စာအုပ်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင် အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေး အထောက်အကူပြုနိုင်မည့် စာအုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေပြီး ဂူဖရီးစက္ကူဖြင့် တစ်အုပ်လျှင် ကျပ် ၁၁၀၀၀၊ နယူးပရင့်စက္ကူဖြင့် တစ်အုပ်လျှင် ကျပ် ၁၀၀၀၀ ဖြင့် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖုန်း- ၀၆၇-၃၄၁၂၃၇၁၊ ၀၆၇-၃၄၁၂၅၅၃ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၁-၈၃၈၄၈၀၃၊ ၀၁-၈၃၇၁၃၄၂၊ စာပေဗိမာန်အရောင်းဆိုင်တို့တွင်လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးတို့တွင်လည်းကောင်း ဝယ်ယူဖတ်ရှုနိုင်ပြီဖြစ်သည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်တက္ကသိုလ် မြန်မာစာဌာနစာကြည့်တိုက်သို့ မြန်မာစာအုပ်များ လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ကျော်၏ ရုံးအစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ ရက် ညနေ ၄ နာရီတွင် စာရေးဆရာ မြင်းခြံကျော်အောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တော်ရှိ ယူနန်တက္ကသိုလ် မြန်မာ့ရေးရာလေ့လာရေးဌာနမှ ညွှန်ကြားရေးမှူး/ တွဲဖက်ပါမောက္ခ Mr. Kong Peng ထံသို့ စာအုပ်များ လှူဒါန်းခဲ့သည်။



အခမ်းအနားသို့ မြန်မာနိုင်ငံမဟာဗျူဟာနှင့် လေ့လာရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ လူကြီးမင်းများ၊ ယူနန်တက္ကသိုလ်မြန်မာ့ရေးရာ လေ့လာရေးဌာန ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များ၊ စာအုပ်လှူဒါန်းသူများ တက်ရောက်ကြသည်။

ထို့နောက် စာအုပ်အလှူရှင်က တွဲဖက်ပါမောက္ခ Mr. Kong Peng အား စာအုပ်များ လှူဒါန်းပြီး နိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာနိုင်ငံမဟာဗျူဟာနှင့် လေ့လာရေးအဖွဲ့ဥက္ကဋ္ဌက စာအုပ်လှူဒါန်းသူအား ကျေးဇူးတင်ဂုဏ်ပြုလွှာ ပေးအပ်သည်။

စာရေးဆရာ မြင်းခြံကျော်အောင် လှူဒါန်းသော စာအုပ်များမှာ မြန်မာ့စွယ်စုံကျမ်းများ၊ ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများ အပါအဝင် ကျမ်းစာအုပ် ၁၇ အုပ်၊ အလင်္ကာကျော်စွာ စည်သူ တက္ကသိုလ်မြတ်သူ၏ စောင်းညှို့သံနှယ် ကဗျာစာအုပ်အပါအဝင် ကဗျာစာအုပ် ခြောက်အုပ်နှင့် ဣန္ဒာဆွေ (ဗိုလ်ချုပ်ကြည်အောင်) ပြုစုသည့် ခေတ်အဆက်ဆက် မြန်မာစာပေ ဖွံ့ဖြိုးလာပုံ အပါအဝင် အထွေထွေဘာသာရပ် ၁၉ အုပ် စုစုပေါင်း ၄၂ အုပ်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# ပုသိမ်မြို့၌ အဲယားကွန်းတပ်ဆင်ပြုပြင်ခြင်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပုသိမ် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီမှ ကြီးမှူးဖွင့်လှစ်သော အဲယားကွန်း တပ်ဆင်ပြုပြင်ခြင်း သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

**အမှာစကားပြောကြား**

သင်တန်းဖွင့်ပွဲတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးနိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက စနစ်တကျ လေ့လာဆည်းပူး သင်ယူကြပြီး သင်ယူရရှိလာမည့် အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို အသုံးချ၍ လုပ်ငန်းခွင် ဝင်ရောက်လုပ်ကိုင်နိုင်ကြပြီး ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်နိုင်သည်အထိ ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။ သင်တန်းသို့ ပုသိမ်မြို့နယ်နှင့် ပတ်ဝန်းကျင်ဒေသများမှ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## စာအုပ်စာပေ လှူမိတ်ဆွေ

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီး သွားရောက်



**နေပြည်တော် စက်တင်ဘာ ၁၉**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူ အပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း နှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။ ထို့နောက် ချောင်းသာအပန်းဖြေညှော်ရိပ်သာ၌ တိုင်းမှူးက အမှာစကားပြောကြားကာ ဒေသထွက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထို့ပြင် အပန်းဖြေလာရောက်ကြသည့် အရာရှိ၊ စစ်သည်များသည် ပုသိမ်မြို့ရှိ ရွှေစာပုသိမ်ထီး လုပ်ငန်းကို သွားရောက်ကြည့်ရှုလေ့လာကြပြီး ရွှေမုဋ္ဌောဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ စတုတ္ထနေ့တွင် မြန်မာနိုင်ငံမှ ပြခန်း ၈၀ ဆက်လက်ပါဝင်ပြသ




**နေပြည်တော် စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နန်နင်းမြို့တွင် အကြိမ်(၂၀)မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ စတုတ္ထနေ့နှင့် နောက်ဆုံးနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာကုန်စည်ပြခန်းဆောင်တွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ဖြင့် ဆက်လက် ပါဝင်ပြသလျက်ရှိသည်။

**ခင်းကျင်းပြသရောင်းချ**

မြန်မာကုန်စည်ပြခန်းများတွင် ဆန်၊ ပဲအမျိုးမျိုး၊ ပြောင်း၊ နှမ်း၊ ထောပတ်သီး စသည့် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်နှင့် မြန်မာ့ကျောက်မျက် လက်ဝတ်ရတနာပစ္စည်းများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

အဆိုပါကုန်စည်ပြပွဲ၏ စတုတ္ထနေ့တွင်လည်း ယခင်နေ့များကဲ့သို့ မြန်မာကုန်စည် ပြခန်းများ၌ မြန်မာ့ထုတ်ကုန် ပစ္စည်းများကို စိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူ အားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာကုန်စည်ပြခန်းဆောင်ရှိ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ စီးပွားရေးတွေ့ဆုံပွဲများ ကျင်းပသည့်နေရာ (Business Matching Area)တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်လိုသည့် တရုတ်လုပ်ငန်းရှင်များက လာရောက်တွေ့ဆုံ၍ မြန်မာ-တရုတ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို မေးမြန်းဆွေးနွေးကြရာ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့ပြင် အဆိုပါကုန်စည်ပြပွဲ၏ နှစ်လိုဖွယ်ရာ မြို့ပြခန်းဆောင်၌ မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ (City of Charm)အဖြစ် မန္တလေးမြို့၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ပါဝင်ပြသထားပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကပြဖျော်ဖြေလျက်ရှိရာ စိတ်ပါဝင်စား၍ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူမှုမီဒီယာနှင့် သတင်းတုသတင်းမှားများ ဖြစ်ပေါ်နေသည့်ခေတ်တွင် သတင်းထောက်များ စိတ်ပျော်ရွှင်စွာဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်းသည့် အွန်လိုင်းဆွေးနွေးပွဲသို့ MRTV မှ ဝန်ထမ်းများ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၉**

အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့်လုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်း Asia-Pacific Institute for Broadcasting Development (AIBD)က ကျင်းပသည့် လူမှုမီဒီယာနှင့် သတင်းတုသတင်းမှားများ ဖြစ်ပေါ်နေသည့်ခေတ်တွင် သတင်းထောက်များ စိတ်ပျော်ရွှင်စွာဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်းသည့် အွန်လိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာအသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် သတင်းထောက်များ၏ စိတ်ပိုင်းဆိုင်ရာ ခံနိုင်ရည်ရှိမှုနှင့် ယင်းတို့အပေါ် သက်ရောက်မှုများအတွက် အသိပညာမြှင့်တင်ခြင်း၊ သတင်းသမားများ လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုနှင့် အခြားစိန်ခေါ်မှုများကို စီမံခန့်ခွဲရန် လက်တွေ့ကျသော လုပ်ငန်းစဉ်များ၊ မဟာဗျူဟာများနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ သတင်းသမားများအကြား စိတ်ပိုင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု ယဉ်ကျေးမှုကို မြှင့်တင်ရန်နှင့် စိတ်ဓာတ်ကြံ့ခိုင်ရေးအတွက် ပံ့ပိုးပေးရန် မီဒီယာအဖွဲ့အစည်းများကို တိုက်တွန်းခြင်း၊ ထိရှလွယ်သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ သတင်းတင်ဆက်ခြင်း၏ ကျင့်ဝတ်ဆိုင်ရာများ ထည့်သွင်းစဉ်းစားခြင်း ခေါင်းစဉ်များဖြင့် အာရှ-ပစိဖိတ်ဒေသ တစ်ဝန်းမှ အကောင်းဆုံး အတွေ့အကြုံများကို မျှဝေဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**



# "ဘယ်သူမှန်လဲ အပြိုင်ကြဲ" အစီအစဉ်သစ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




**နေပြည်တော် စက်တင်ဘာ ၁၉**

လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ **"ဘယ်သူမှန်လဲ အပြိုင်ကြဲ"** အစီအစဉ်သစ်ကို စက်တင်ဘာ ၁၇ ရက်မှစတင်၍ အပတ်စဉ် တနင်္ဂနွေနေ့ ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါအစီအစဉ်မှ ယခုအပတ်အတွက် ခေါင်းစဉ်ကို "Social Media ကို စိတ်ထွက်ပေါက်အနေနဲ့ အသုံးပြုတာကောင်းတယ်"၊ "Social Media ကို စိတ်ထွက်ပေါက်အနေနဲ့ အသုံးပြုတာ မကောင်းဘူး"အား ရွေးချယ်ထားပြီး အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့်အတူ ရွှေကြိုမောင်/မယ် သုတဦးနှင့် ရွှေဘုံသံသာတို့က ပရိသတ်များ၏ အားဖြည့်ဆွေးနွေးမှုများဖြင့် အပြန်အလှန် ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV -HD Channel မှ စက်တင်ဘာ ၂၄ ရက် တနင်္ဂနွေနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

❖ **အာရှအားကစားမှ**

မြန်မာအသင်းသည် ပွဲစကတည်းက ဖိအားပေးနိုင်ရန် ကြိုးပမ်းသလို ဘင်္ဂလားဒေ့ရှ်အသင်းကလည်း အပြန်အလှန်တိုက်စစ်ဆင်နိုင်ခဲ့သည်။ ပထမပိုင်းတွင် ဂိုးမသွင်းယူနိုင်ဘဲ ၆၉ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း၏ ဖြတ်တင်ဘောကို ဘင်္ဂလားဒေ့ရှ်နောက်ခံလူ ဟာဆန်ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သဖြင့် မြန်မာအသင်း အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။ ၇၅ မိနစ်တွင် မြန်မာနောက်ခံလူ ဖွဲခန့်မင်း အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့သွားပြီး အနိုင်ရလဒ်ကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ်အသင်း ချေပဂိုးရနိုင်သည့် အခွင့်အရေးများ ရသော်လည်း အသုံးမချနိုင်သဖြင့် မြန်မာအသင်း နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် စက်တင်ဘာ ၂၁ ရက်တွင် အိမ်ရှင်တရုတ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# ကျိုက်မရောမြို့နယ်၌ ဆောင်းနေကြာစိုက်ပျိုးမည့် တောင်သူများအား နေကြာမျိုးစေ့ပေးအပ်ပွဲ ကျင်းပ

**ကျိုက်မရော စက်တင်ဘာ ၁၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ဆောင်းနေကြာ မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဟသာ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးက တောင်သူများအား နေကြာမျိုးစေ့ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးလှတင်မောင်က ဆောင်းနေကြာ စိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးစေ့၏ အရည်အသွေးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဆောင်းနေကြာ စိုက်ပျိုးမည့် ကျေးရွာအုပ်စု ၂၉ အုပ်စုမှ တောင်သူများအား နေကြာမျိုးစေ့ ရေဆင်း(၁) စပ်မျိုးအိတ်များကို တစ်ကေလျှင် တစ်အိတ်နှုန်းဖြင့် ကျေးရွာအုပ်စုများအလိုက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျိုက်မရောမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် ဆောင်းနေကြာ လျာထားဧက ၁၀၅၃ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၉-၉-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၃၅၉။ | ဦးထွေးမြင့်နှင့်ဇနီး ဒေါ်ဝင်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၃၆၀။ | ဦးလှိုင်ဇော်ဝင်းနှင့်ဇနီး ဒေါ်မေသဇင်လင်း၊ (သမီး) မရတည်ဦးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၃၆၁။ | ဒေါ်စိုးမိုးယဉ်(မြန်မာနိုင်ငံသူနာပြုများအသင်း )နှင့် မောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၆၃၆၂။ | မိဘနှစ်ပါးနှင့် မောင်နှမတစ်စုအားရည်စူး၍ (အစ်ကို) ဦးကျော်မြင့်၊ (အစ်မ) ဒေါ်အုန်းမြင့်ကောင်းမှု | ၃၀၀၀၀၀ |
| ၆၃၆၃။ | ဦးသက်ရှည်နှင့်ဇနီး ဒေါ်မြင့်မြင့်သူ၊ ဒေါက်တာဇင်မင်းပိုင်နှင့်ဇနီး ဒေါ်သက်သဉ္ဇာနွယ်၊ (သား) မောင်ဇေယျာသက်ပိုင်၊ (သမီး) မမေပြည့်သက်ပိုင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၃၆၄။ | ကွယ်လွန်သူ ဖခင်ကြီး ဦးထွန်းရှောင် (၂၂)နှစ်ပြည့် အားရည်စူး၍ ဦးသောင်းထိုက်နှင့်ဇနီး ဒေါ်ခင်နှောင်းမူ၊ သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၃၆၅။ | ဦးခင်မောင်ကျော်နှင့်ဇနီး ဒေါ်သန္တာနိုင်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၆၃၆၆။ | နှစ်ဖက်သောမိဘများအားရည်စူး/အမှူးထား၍ ဒေါ်ဝင်းကြည်၏မွေးနေ့အလှူကောင်းမှု | ၁၁၀၀၀၀ |
| ၆၃၆၇။ | ဦးဘုဏ်းသော်နှင့်ဇနီး ဒေါ်သင်းသင်းစိုး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၆၈။ | ဦးအုန်းခင်နှင့် ဒေါ်ခင်သိန်းအားအမှူးထား၍ သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၆၉။ | ဦးဟန်စိန်နှင့်ဇနီး ဒေါ်ကျင်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၀။ | ကွယ်လွန်သူ ဖခင်ကြီး ဦးစိုင်းလာဦးနှင့် ဦးစိုင်းသန့်ဇော်ဦးတို့အားရည်စူး၍ ဦးရဲမင်းသူနှင့်ဇနီး ဒေါ်တင်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၁။ | ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းထွေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၂။ | ဗိုလ်ချုပ်ဝင်းမြတ်နှင့်ဇနီး ဒေါ်နန်းခင်ဖုန်းမြင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၃၇၃။ | ဦးထန်းမနားနှင့်ဇနီး ဒေါ်သင်းသင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၄။ | ကွယ်လွန်သူနှစ်ဖက်မိဘဆွေမျိုးများနှင့် မိခင်ကြီး(ဒေါ်ညွန့်ညွန့်ရီ) ကွယ်လွန် (၁၅)နှစ်ပြည့်၊ မိခင်ကြီး(ဒေါ်အေးမေ) ကွယ်လွန်(၇)လပြည့်အတွက် ဦးအေးမင်းသန့်နှင့်ဇနီး ဒေါ်ခင်မာထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၅။ | ဦးအေးကြိုင်နှင့်ဇနီး (ဒေါ်ခင်မမ)၊ သား၊ သမီး၊ မြေးများ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၆။ | ဦးတင်ထွန်းနှင့်ဇနီး ဒေါ်သီသီချိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၇။ | ဦးမောင်ဦးလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၈။ | ကိုမင်းဦးနှင့်ဇနီး မမြစန္ဒာနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၇၉။ | ဦးလောက်ဟယ်နှင့်ဇနီး ဒေါ်မြင့်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၈၀။ | (ဦးကျော်သူ)နှင့်ဇနီး ဒေါ်လှလှသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၈၁။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုသက်ဇော်လွင်နှင့်ဇနီး မပန်းအိဖြူ (သား)မောင်ထက်ဦးလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၈၂။ | ကွယ်လွန်သူ ဦးတင်ဝင်းအားရည်စူး၍ ဒေါ်စမ်းချစ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၈၃။ | ဦးဝဏ္ဏနှင့်ဇနီး ဒေါ်နုနုလှိုင် (ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၃၈၄။ | ဦးညွန့်ခင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်မိသားစုကောင်းမှု | ၇၅၀၀၀ |
| ၆၃၈၅။ | ကွယ်လွန်သူ ဦးထင်ကျော်၊ (သမီး) ဒေါ်ဖြူဖြူဆွေအား ရည်စူး၍ ကျန်ရစ်သူ ဒေါ်ကြည်သောင်းမိသားစုကောင်းမှု | ၇၀၀၀၀ |
| ၆၃၈၆။ | ဦးကျင်ရှောင်နှင့်ဇနီး ဒေါ်လုံး၊ (သမီးများ) မပိုးကိတ်၊ မပိုးဝင်း၊ မချိုချို၊ မညီညီ၊ (သား) မောင်ဝင်းဦးမိသားစုကောင်းမှု | ၅၁၀၀၀ |
| ၆၃၈၇။ | ဗိုလ်ချုပ်သက်ထွန်းအောင်နှင့်ဇနီး ဒေါ်ခင်မူမူအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၈၈။ | ဦးအောင်လှိုင်ဝင်းနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၈၉။ | ဦးဝင်းကြည်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၀။ | မောင်စိုးမိုးအောင်နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၁။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်မြရွှေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၂။ | ဆရာတော် ဦးဥတ္တရ(အောင်သပြေကျောင်း)ကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၃။ | ဦးတင်ထွန်းနှင့်ဇနီး ဒေါ်ဝင်းမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၄။ | ကွယ်လွန်သူခင်ပွန်း ဦးအေးသွင်အားရည်စူး၍ ဒေါ်ထွေးကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၅။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးသောင်းကြွယ် (သ/မဦးစီးအရာရှိ-ငြိမ်း)နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၆။ | ကွယ်လွန်သူ ဒေါ်တင်ရီအားရည်စူး၍ ဦးစိန်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၇။ | ဦးမင်းမင်းကျော်နှင့်ဇနီး မဝတ်မှုံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၈။ | ဦးလွင်ဇော်လတ်နှင့်ဇနီး ဒေါ်ခင်မိမိ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၃၉၉။ | ဦးလှမြင့်ဦးနှင့်ဇနီး ဒေါ်တင်မိုးဝင်း၊ (သမီး) မကေသရီနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၀၀။ | ဦးကိုအေးနှင့်ဇနီး ဒေါ်မြနုခင်(အမွှာလေးအထည်ဆိုင်) မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၀၁။ | ကွယ်လွန်သူ ဦးစိုးသိန်းအားရည်စူး၍ ဒေါ်ရင်ရင်မြင့်၊ (သမီး) မယဉ်ယဉ်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၀၂။ | ဦးရဲမြင့်နှင့်ဇနီး ဒေါ်တင်နွဲ့၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၆၄၀၃။ | ဦးစိုးမင်းနှင့်ဇနီး ဒေါ်ခင်မာကြည်၊ (သား) မောင်မျိုးမင်းဦး၊ မောင်သူရိန်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၄၀၄။ | ဦးဖြူဝင်းနှင့်ဇနီး ဒေါ်မြင့်ကြူမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ် (ပ-၃၃၃၅၆)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ခင်မျိုးသက်[၁၂/ဥကတ(နိုင်)၁၄၁၃၀၁]အဖအမည် ဦးစိုးသိန်းမှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း ထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁) Grade-12(C) (Eco) တန်း မှ မနန်းဆိုင်းမော် နှင့် Grade-10(D) (Eco) တန်းမှ မခင်ဖြိုး တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ဆိန် [၁/ဝမန(နိုင်)၀၀၁၈၈၂]ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့၊ အထက(၁) Grade-12(A) (Bio) တန်း မှ မအက်စ်ထွယ် နှင့် Grade-8(A) မှ မဆာရာတို့၏ ဖခင်အမည်မှန်မှာ ဦးလယ်မယ်လေး[၁/ဝမန(နိုင်)၀၃၆၄၅၉] ဖြစ်ပါသည်။

## မိခင်အမည်မှန်

ပူတာအိုမြို့၊ အထက (လေယာဉ်ကွင်း) ကျောင်း၊ Grade-8 မှ မနန်းကြယ်စင် ၏ မိခင်အမည်မှန်မှာ ဒေါ်လထန်ကော့နန် [၁/ပတအ (နိုင်)၀၃၀၅၉၄]ဖြစ်ပါသည်။

## အမည်ပြောင်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်နေ ဦးဇော်လွင်ထွန်း [၁၂/ဗတထ(နိုင်) ၀၀၄၈၈၂]၏သား အ.မ.က(၃) တောင်ဒဂုံကျောင်း G-3 (C) တန်းမှ မောင်ကောင်းခန့်ထွန်းအား မောင်အာကာဖြိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

ဒေါ်နွယ်နီမျိုးမြင့် [၁၂/မဂတ(နိုင်)၀၈၆၅၃၇] ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် အမှတ် (MB 358910)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-428627426**

## ဦးအောင်သိန်း ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်တုံ့ပြန်ဖြေရှင်းခြင်း

**၉-၉-၂၀၂၃ ရက်စွဲဖြင့် ကြေးမုံသတင်းစာ စာမျက်နှာ-၂၃ ပါ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင် (၂)လမ်း၊ အမှတ် (၁၀၈) နေ ROYAL HIMALAYA CO.,LTD. ၏ ဒါရိုက်တာ ဦးအောင်သိန်း [၁၂/လမန(နိုင်) ၁၂၂၆၈၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမြင့်သိန်း(အောင်) LL.B, D.I.L, DA (Psy) တရားလွှတ်တော်ရှေ့နေ၊ စဉ်-၇၈၅၀ မှ ကြေညာချက်သည် လုံး၀ မှန်ကန်မှုမရှိပါကြောင်း ဦးကျော်ရာဇာ [၁၂/တမန(နိုင်)၀၀၂၄၁၈]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်တို့အနေဖြင့် ဦးစွာအသိပေးကြေညာငြင်းဆိုအပ်ပါသည်-**

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးကျော်ရာဇာသည် ROYAL HIMALAYA CO.,LTD. ၏ ဒါရိုက်တာတစ်ဦးဖြစ်ပြီး အဆိုပါကုမ္ပဏီ၌ ဦးအောင်သိန်းသည်လည်း ဒါရိုက်တာတစ်ဦးအဖြစ် တာ၀န်ထမ်းဆောင်သည်မှာ မှန်ကန်သော်လည်း ROYAL HIMALAYA CO.,LTD. အနေဖြင့် မည်သည့်ဆေး၀ါး ပစ္စည်းတစ်စုံတစ်ရာကိုမျှ တင်သွင်းရောင်းချဖြန့်ဖြူးခဲ့ခြင်းမရှိသည့်အပြင် ဦးအောင်သိန်းနှင့် ကျွန်ုပ်မိတ်ဆွေတို့၏ကြား၌ အခြားငွေကြေးအရှုပ်အရှင်း များကိုသော်လည်းကောင်း၊ ကုန်ပစ္စည်းဆိုင်ရာ ရရန်/ပေးရန်ရှိသော ကိစ္စရပ်တစ်ရပ်ရပ်မျှကိုသော်လည်းကောင်း လုံး၀မရှိပါဘဲ ယခုကဲ့သို့ လူအများသိရန် ကြေညာထည့်သွင်းခြင်းသည် ကျွန်ုပ်တို့၏မိတ်ဆွေထံ၌ လွန်စွာဂုဏ်သိက္ခာကျဆင်းစေသည့်အပြင် ကျွန်ုပ်တို့၏ မိတ်ဆွေလုပ်ကိုင်နေသော လုပ်ငန်းကိစ္စရပ်အ၀၀တွင်လည်း ငွေကြေးအများအပြား ဆုံးရှုံးမှုဖြစ်ပေါ်လာသည့်အတွက် အဆိုပါ (၉-၉-၂၀၂၃)ရက်စွဲပါ ကျွန်ုပ်တို့၏ မိတ်ဆွေနှင့်ပတ်သက်သည့် သတင်းစာကြေညာအား (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာ၍ ကျွန်ုပ်တို့၏ မိတ်ဆွေထံကို တရားဝင် ဝန်ချတောင်းပန်ပါရန် ကျွန်ုပ်တို့အနေဖြင့် လေးနက်စွာ တောင်းဆို ကြေညာအပ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့မိတ်ဆွေ၏ တောင်းဆိုခြင်းအပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြစ်မှုဆိုင်ရာဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ဦးအောင်သိန်း အပေါ် တရားစွဲဆိုမှုပြုရန် ဦးကျော်ရာဇာ မှ ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြား ထားပြီးဖြစ်ကြောင်းကိုလည်း တစ်ပါတည်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဖြိုး (LL.B)** | **ဒေါ်ခိုင်ဇာလင်း (LL.B)** |
| **(စဉ် - ၂၉၆၈၈)** | **(စဉ် - ၄၂၇၇၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ် (၂၃၅)၊ အောင်သိဒ္ဓိလမ်းနှင့် စံပြ(၃)လမ်းထောင့်၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉-၂၆၀၀၂၅၉၅၀**

## ဒေါ်လှစန္ဒာနှင့် အများသိစေရန် သတိပေးကြေညာချက်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ကျုံတိုင်းကျေးရွာနေ အဖ ဦးအောင်လာ၏သားဖြစ်သူ ဦးခွန်အောင်ဇော် [၃/ကကရ(နိုင်)၁၉၀၉၉၀]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ဒေါ်လှစန္ဒာနှင့် အများသိစေရန် သတိပေးကြေညာလိုက်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးခွန်အောင်ဇော်နှင့် ဒေါ်လှစန္ဒာတို့သည် ၂၀၁၆-ခုနှစ်ကစပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းလာရာ ယနေ့အချိန်အထိဖြစ်ပြီး သားတစ်ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးခွန်အောင်ဇော်သည် ဇနီးဖြစ်သူ ဒေါ်လှစန္ဒာနှင့် အိမ်ထောင်မပြုမီကပင် ကရင်ပြည်နယ်၊ မြ၀တီမြို့၊ အမှတ် (၅)ရပ်ကွက်၊ စိုက်/ဇုန်၊ ကွင်းအမှတ်- ၅၃(ဘီ)၊ မြ၀တီအပြင်ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်- ၁၄၈/၂၊ မြေအမျိုးအစား (G)၊ မြေချိန်ဧရိယာ (၂၁၄)ကေအကျယ်အဝန်းရှိသော လယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၇) ရရှိထားသော ဥယျာဉ်မြေအား အမည်ပေါက်ပိုင်ဆိုင်သူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် ဇနီးဖြစ်သူ ဒေါ်လှစန္ဒာ၏ သဘောတူခွင့်ပြုချက်ဖြင့် ဒုလ္လဘရဟန်းခေတ္တဝတ်နေစဉ်အတွင်း ၎င်းအမည်ပေါက် အထက်ဖော်ပြပါ မြေကွက်အတွင်းမှ မိမိပိုင်အခြမ်းအား မိမိ၏သဘောတူခွင့်ပြုချက်မရှိဘဲ အခြားသူ တစ်ဦးတစ်ယောက်ထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အာမခံတင်သွင်းခြင်းတို့ မပြုလုပ်ရန် ဇနီးဖြစ်သူ ဒေါ်လှစန္ဒာအား ပြောကြားမှာကြားပြီးဖြစ်ပေသည်။ ထိုသို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဇနီးဖြစ်သူ ဒေါ်လှစန္ဒာအား မှာကြားခဲ့သော်လည်း ၎င်းသည် အထက်ဖော်ပြပါမြေကွက်အား ခွဲစိတ်၊ ရောင်းချပိုင်ခွင့်မရှိဘဲ ခွဲစိတ်၍ အခြားသူများထံသို့ ကျွန်ုပ်မိတ်ဆွေ သိရှိသဘောတူညီခြင်းမရှိဘဲ လွှဲပြောင်း၊ ရောင်းချနေသည်ကို တွေ့ရှိရပေသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်အတွင်း ဦးခွန်အောင်ဇော်၏ ဇနီးတစ်ဦး (ဒေါ်လှစန္ဒာ)အနေဖြင့် တရားဝင်ပိုင်ဆိုင်ခွင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်မရှိဘဲ လွှဲပြောင်းရောင်းချထားမှုများသည် တည်ဆဲဥပဒေ နှင့်ညီညွတ်ခြင်းမရှိသည့်အပြင် လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိဘဲ ရောင်းချထားသဖြင့် ကန့်ကွက်ပါကြောင်းနှင့် ဒေါ်လှစန္ဒာအနေဖြင့် ကျွန်ုပ်မိတ်ဆွေ သဘောတူခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါမြေကွက်အတွင်းရှိ မြေများအား စီမံခန့်ခွဲရောင်းချမှုများအား ဆက်လက်မပြုလုပ်ရန် ဒေါ်လှစန္ဒာနှင့် ဒေါ်လှစန္ဒာထံမှ အထက်ဖော်ပြပါ မြေကွက်ဝယ်ယူထားသူအား သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နွယ်နီအောင် (LL.B,LL.M,D.I.R)** | **ဒေါ်အိအိခိုင်(LL.B,LL.M,D.I.R )** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၀၄၈)** | **(စဉ်-၁၀၃၁၄)** |

**အမှတ်-၂၇/၂၉၊ ဒုတိယထပ်၊ ၃၅-လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၂၅၁၈၆၅၊ ၀၉-၅၀၅၈၃၅၈၊ ၀၉-၄၂၅၀၀၂၅၃၆**

## ဒေါ်စန္ဒာဦး နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၃၈လမ်း၊ အမှတ် ၅၈နေ ဦးသန့်ဇင်ထွေး [၁၂/တမန(နိုင်)၀၀၂၆၃၆] နှင့် ဒေါ်စန္ဒာဦး [၁/မကတ(နိုင်) ၁၁၇၄၀၈] တို့သည် အစ္စလာမ့် တရားတော်နှင့်အညီ လက်ထပ်ခဲ့ကြပြီး သားသမီး (၄) ဦးထွန်းကားခဲ့ပါသည်။ ဒေါ်စန္ဒာဦး၏ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် ဦးသန့်ဇင်ထွေးက (၂၄-၅-၂၀၂၃) နေ့က အစ္စလာမ့်တရားတော်နှင့် အညီ "သွလာက်" ကြေညာခဲ့ပြီး ယခုအခါ ဆိုင်းငံ့ကာလ (၃) လ ကျော်လွန်သွားခဲ့ပြီ ဖြစ်သောကြောင့် တရားဥပဒေအရ တရားဝင်ကွာရှင်းမှု အထမြောက်ကာ ကွာရှင်းပြတ်စဲခဲ့ပြီ ဖြစ်ပါသည်။ ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကိုလည်း အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ် အစ္စလာမ့်ဓမ္မသတ်ခုံရုံးချုပ်က (၁၈-၉-၂၀၂၃) နေ့စွဲပါ ဓမ္မသတ်အဆုံးအဖြတ်ကို တရားဝင် ထုတ်ပြန်ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးသန့်ဇင်ထွေးနှင့် ဒေါ်စန္ဒာဦးတို့သည် မည်သို့မျှ ပတ်သက်မှု မရှိတော့ပါကြောင်းနှင့် သူမနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသန့်ဇင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါက်တာမာလာသန်း (LL.B, LL.M, PhD (Law) IIUM)**
**တရားလွှတ်တော်ရှေ့နေ (၆၄၆၇)**
**အမှတ်-၆(ဘီ)၊ ၇၂ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၆၇၀၀၃၃၇၂၆**

## ကွာရှင်းပြတ်စဲကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ၃၉လမ်း၊ အလယ်ဘလောက် အမှတ်(၂၀၉)နေ ဒေါ်တင်တင်ထွေး [၉/ပမန (နိုင်) ၁၄၃၆၇၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ထွေးနှင့် ဦးမှတ်တင်၏ သားဖြစ်သူ ဦးမင်းမင်းသန့် [၅/ကနန(နိုင်)၀၃၂၀၂၅] ကိုင်ဆောင်သူတို့သည် (၂၃-၁၂-၂၀၂၀)နေ့စွဲပါ "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"ဖြင့် ဂျပန်နိုင်ငံတွင် နှစ်ဖက်သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း**
**(LL.B,MA-Business Law,D.I.L,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၈၃)**
**အခန်း(၂၄)၊ တိုက် ၅၂၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၂၅၄၄၄၃၉၊ ၀၉-၉၅၇၅၂၁၄၉၁**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ အမှတ် (၅)နေ ဦးလှမြင့် [၁၂/စခန(နိုင်)၀၁၅၈၉၄]နှင့် ဒေါ်၀င်းဝင်းမြင့် [၁၂/စခန(နိုင်) ၀၁၅၈၈၉] ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေများ၏ သမီးဖြစ်သူ ဒေါ်နီလာ၀င်း [၁၂/စခန(နိုင်)၀၆၃၆၆၆] သည် တားမြစ်ဆုံးမနေသည့်ကြားမှ ဆိုဆုံးမမှုကိုလက်မခံဘဲ မိသားစု၏ လူမှုရေး၊ စီးပွားရေးနှင့် ဂုဏ်သိက္ခာများ ထိခိုက်ဆုံးရှုံးစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်ပြင် မိဘများအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်စေရန် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ဤကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှလည်းကောင်း၊ အမွေခံသမီး အဖြစ်မှလည်းကောင်း ရာသက်ပန်စွန့်လွှတ်ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ များနှင့် မနီလာ၀င်းသည် မည်သို့မျှပတ်သက်ဆက်နွယ်မှု တစ်စုံတစ်ရာမရှိတော့ ပါသောကြောင့် ၎င်းနှင့်ပတ်သက်သော လူမှုရေး စီးပွားရေး ကိစ္စအ၀၀သည် ၎င်းနှင့်သာသက်ဆိုင်ပြီး ကျွန်ုပ်မိတ်ဆွေများမှ တစ်စုံတစ်ရာ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၈၃)**
**(LL.B,Master of Business Law, D.B.L,D.I.L)**
**အခန်း(၂၄)၊ တိုက်(၅၂)၊ ဘိုကလေးဈေးလမ်း၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၀၂၅၄၄၄၃၉၊ ၀၉-၇၆၇၂၀၅၂၀၀**

## ဦးအေးချို [၁၂/ပဘတ(နိုင်) ၀၀၇၂၅၃]၊ ဇနီး ဒေါ်ပြုံးပြုံးဆန်း [၁၂/မဂတ(နိုင်)၀၆၇၉၅၂]နှင့် အများသိစေရန်ကြေညာခြင်း

သထုံမြို့နယ်၊ အောက်ကျင်းရပ်ကွက်၊ ရွှေစာရံဘုရားလမ်း၊ အမှတ်-၁၂၇ နေ ဦးမျိုးလွင် [၁၀/သထန(နိုင်) ၀၉၇၉၄၀]၏ လွှဲအပ်ညွှန်ကြားချက်အရ-

လူကြီးမင်းတို့ ဇနီးမောင်နှံသည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်းကျယ်၊ ၁၃၆ လမ်းနှင့် မအူကုန်းလမ်းကျယ်ထောင့် အမှတ်- ၂၄၊ မြေညီထပ်ဆိုင်ခန်းအား ကျွန်ုပ်တို့မိတ်ဆွေ ဦးမျိုးလွင် [၁၀/သထန(နိုင်)၀၉၇၉၄၀]သို့ ၁၅-၃-၂၀၂၃ နေ့တွင် ငွေကျပ် သိန်း ၁၅၀၀ ဖြင့် ဆိုင်ခန်းအရောင်းအ၀ယ်ကတိစာချုပ်ချုပ်ဆိုပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများ ပေးအပ်၍ မြေရှင်အသိအမှတ်ပြု လက်မှတ်ရေးထိုး၍ ရောင်းချခဲ့ကြောင်း ကျွန်ုပ်တို့ သိရှိရပါသည်။

၀ယ်ယူစဉ်က ဆိုင်ခန်းမှာ လျှပ်စစ်မြို့တော်အမည်ဖြင့် လျှပ်စစ်ပစ္စည်းရောင်းချသူ ဦးစိုးနိုင်အား အငှားချထား၍ ငှားရမ်းကာလကုန်ဆုံးမည့် ၅-၈-၂၀၂၃ ရက်နေ့တွင် ၀ယ်ယူသူဦးမျိုးလွင်သို့ လက်ရောက်အပ်နှံမည် ဖြစ်ကြောင်း လူကြီးမင်းတို့မှ ဝန်ခံကတိစာချုပ်ကိုလည်း ချုပ်ဆိုပေးခဲ့ကြောင်း ကျွန်ုပ်တို့ သိရှိရပါသည်။ သို့ဖြစ်၍ အဆိုပါဆိုင်ခန်းအား ကျွန်ုပ် မိတ်ဆွေ ဦးမျိုးလွင်သို့ လက်ရောက်အပ်နှံရေး အမြန်ဆုံးဆောင်ရွက်ပေးရန် တောင်းဆိုလိုက်ပါသည်။ ထိုသို့ တောင်းဆိုထားစဉ် ဦးမျိုးလွင်၏ ပိုင်ဆိုင်မှု ဖြစ်သော အချင်းဖြစ်ဆိုင်ခန်းနှင့်ပတ်သက်၍ မည်သူမှ ကျူးကျော် ၀င်ရောက်ခြင်း၊ လက်ပြောင်းလက်လွှဲပြုလုပ်ခြင်း၊ ထပ်မံရောင်းချခြင်း မပြုလုပ်ရန် အတိအလင်း ကြေညာအပ်ပါသည်။ လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲတရားဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြင့်မြင့်စန်း** | **ဒေါ်ခင်၀တ်ရည်ဦး** |
| **(စဉ်-၆၃၇၂/၁၉၉၇)** | **(စဉ်-၁၃၉၇၉/၂၀၁၇)** |
| **LL.B., Advocate** | **LL.B., D.I.L., D.B.L.** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၆၄/၆၆(၇ဘီ)ရေ၀ဏ်လမ်းမ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၆၆၃၂၃၈၃၆၊ ၀၉-၄၃၀၀၅၇၃၃၊ ၀၉-၄၄၃၀၀၅၇၃၃**

## မွေးသက္ကရာဇ်အမှန်နှင့် မိဘအမည်မှန်

နောင်ချိုမြို့နယ်၊ အ.ထ.က(၁) Grade-3 မှ မရွှေရည်ခွန်းချို၏ မွေးသက္ကရာဇ်အမှန်မှာ (၅-၁၀-၂၀၁၃)ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုဝင်း [၉/ပသက(နိုင်)၀၇၉၆၀၇]နှင့် မိခင်အမည်မှန်မှာ ဒေါ်သူဇာအောင် [၁၃/နခတ(နိုင်) ၀၅၃၉၁၄]ဖြစ်ပါကြောင်း။

**၅-၁၀-၂၀၁၃**
**ဦးအောင်ကိုဝင်း-ဒေါ်သူဇာအောင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ ဆေးရုံတန်းလမ်း၊ တိုက်အမှတ် (၁၈)၊ခေါင်းရင်းခန်း(ပထမထပ်)၊အကျယ်အ၀န်း(၁၂.၅ပေx၅၅ပေ)အကျယ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်နှင်းဦး [၁၂/လသန(ပြု)၀၀၀၈၉၂]ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ၀ယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ပါတိုက်ခန်းနှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့တင်ပြ၍လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာ**
**(LL.B, D.B.L, D.I.L, D.I.R, C.B.D.S (MOFA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၃၈၁)**
**အမှတ်(၁၀၁၉/ခ)၊ဒုတိယထပ်၊ သုမင်္ဂလာလမ်းမကြီး၊**
**(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၄၄၀၄၄၀၇၁၀၊ ၀၉-၇၈၅၅၅၅၀၃၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/တောင်၊ မြေကွက်အမှတ်- ၁၀၃၈/က၊ အိမ်အမှတ်(၂၇)၊ မာန်ပြေ (၅)လမ်းပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်၏ စတုတ္ထထပ်၊ (၅)လွှာ၊ အကျယ်အ၀န်း (၁၈'x၅၄')ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့်၀ယ်ယူ၍ လက်ရှိထား ပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မာလာနွယ် [၈/မထန(နိုင်)၀၉၂၉၉၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသည့် ဦးဟိန်းထက် [၁၂/စခန(နိုင်)၀၆၃၀၇၇]နှင့် ၎င်း၏ဇနီး ဒေါ်မန္တလာထိုက်ယုမောင် [၁၂/ကတန(နိုင်)၀၇၉၂၈၅]တို့က အပြီးအပိုင်၀ယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ် စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်း အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဟိန်းထက်နှင့် ဒေါ်မန္တလာထိုက်ယုမောင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေး၀င်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်-၇၃၇/ခ၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-796764898**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွာမကျောင်းလမ်းနှင့် ဗဟိုလမ်းထောင့်၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၄/ဘီ)၊ တတိယထပ်၊ ၄-လွှာ၊ အကျယ်အ၀န်း (၁၈'x ၅၅')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဇာခြည်၀င်း [၈/မသန(နိုင်)၁၅၉၁၉၃]ထံမှ ၀ယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇာခြည်ဇင် [၁၃/ကလန(နိုင်)၁၅၉၉၁၄] က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအ၀ယ်ကိစ္စကို ကန့်ကွက်လိုပါက (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မျိုးကျော်(LL.B)** | **ဒေါ်အိခိုင်ညီမ်း(LL.B, D.B.L, D.I.L])** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၅၉)** | **အထက်တန်းရှေ့နေ(စဉ်-၂၉၂၈၈)** |

**အမှတ်(၄၆) ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၈၉၅၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ တိုးချဲ့(၃)လမ်း၊ တိုက်အမှတ် (၄၁-က/ခ)၊ တိုက်ကိုမျက်နှာမူပါက ဘယ်ဘက်အခြမ်း (ပထမထပ်) (၂)လွှာ၊ အကျယ်အ၀န်း (၁၇ပေx၅၄ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သိင်္ဂီထွန်း [၁၂/ဆကခ(နိုင်)၁၁၅၁၇၄]နှင့် ဦးဝေလင်းထွန်း [၁၂/ရကန(နိုင်)၀၀၀၀၉၁] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇင်လင်းထက် [၁၂/ရပသ(နိုင်)၀၅၅၅၂၈] က အပြီးအပိုင်၀ယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့တင်ပြ၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာ**
**(LL.B, D.B.L, D.I.L, D.I.R, C.B.D.S (MOFA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၃၈၁)**
**အမှတ်(၁၀၁၉/ခ)၊ဒုတိယထပ်၊ သုမင်္ဂလာလမ်းမကြီး၊**
**(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၄၀၄၄၀၇၁၀၊ ၀၉-၇၈၅၅၅၅၀၃၀**

## မိခင်အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ် အထက(ကျောက်ချက်) Grade-12 (A)တွင် တက်ရောက်လျက်ရှိသော ကျောင်းသူ မပန်း၀တ်ရည်၏ မိခင်အမည်မှန်မှာ ဒေါ်မိုးမိုးခိုင် ဖြစ်ပါကြောင်း။

**ဒေါ်မိုးမိုးခိုင်**

## မိခင်အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ် အထက(ကျောက်ချက်) Grade -12 (A)တွင် တက်ရောက်လျက်ရှိသော ကျောင်းသူ မအေးစန္ဒာကြည်၏ မိခင်အမည်မှန်မှာ ဒေါ်နွယ်ဖြစ်ပါကြောင်း။

**ဒေါ်နွယ်**

## မိခင်အမည်မှန်

နေပြည်တော် ဇေယျာသီရိမြို့နယ် အထက(ကျောက်ချက်) Grade-12(A)တွင် တက်ရောက်လျက်ရှိသော ကျောင်းသူ မမဥ္ဇူအောင် ၏ မိခင်အမည်မှန်မှာ ဒေါ်ခင်ပြုံးရီ ဖြစ်ပါကြောင်း။

**ဒေါ်ခင်ပြုံးရီ**

## ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ်၊ ထိရောက်ကိုယ်ပိုင်အထက်တန်းကျောင်း Grade- 11 (A)တွင် ပညာသင်ကြားနေသော မသရဖီကျော်၏ ဖခင်အမည်မှန်မှာ ဦးသန်းထိုက် [၁၂/မရက(နိုင်)၁၂၄၀၇၈] ဖြစ်ပါကြောင်း။

**ဦးသန်းထိုက်**

## ပျောက်ဆုံးကြောင်း

ဦးငြိမ်းချမ်းကိုကို [၁၂/ဥကမ(နိုင်)၂၅၃၄၂၄] ကိုင်ဆောင်သော သင်္ဘောသားလက်မှတ် KBS/ BST-15-272/2023 လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-973781889**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ် အ.ထ.က ဟိုခို-၂ Grade-10 မှ မရတနာဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးနိုင် [၉/မကန(နိုင်) ၀၇၆၈၂၈] ဖြစ်ပါကြောင်း။

**ဦးအောင်စိုးနိုင်**

## အမည်မှန်

နောင်ချိုမြို့နယ်၊ အ.ထ.က(၁) Grade-12 မှ မစု၀တီနှင်း၏ အမည်မှန်မှာ မမြတ်စု၀တီနှင်း ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် [၁၂/ဒဂန(နိုင်) ၀၁၁၅၂၅] ဖြစ်ပါကြောင်း။

**မမြတ်စု၀တီနှင်း**
**ဦးစိုးမြင့်**

## ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ အ.ထ.က သရက်ကုန်း(၁) Grade-12 မှ မောင်ရာမ်း၏ ဖခင်အမည်မှန်မှာ ဦးကီစန်း [၁၃/နခတ(နိုင်) ၀၃၉၂၂၃]ဖြစ်ပါကြောင်း။

**ဦးကီစန်း**

## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက် အမှတ်-၇၉၈၊ ဧရိယာစတုရန်းပေ (၂၇၆၀)ပေရှိ ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အမှတ်-၇၉၈/၇၊ ရာဇဓိရာဇ်(၂၁)လမ်း၊ ၇-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်မြေယာကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ရှိပိုင်ဆိုင်သူ ဒေါ်ခိုင်ငြိမ်းအိ [၁၂/ဒဂတ(နိုင်)၀၃၈၇၅၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ် ပြုလုပ်၍ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေနှင့်အိမ် အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်သည့် ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်းများ)ဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ ( စဉ် - ၄၃၂၂ )**
**အမှတ်-၁၂၁ ၊ ဒု-ထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၆၉၁၅၉၊ ၀၉- ၇၈၅၁၆၉၁၅၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅) ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၅)၊ မြေကွက်အမှတ်(၁၇၅/ခ)၊ ဧရိယာ(၀.၀၂၇)ဧကအကျယ်ရှိ ဒေါ်နွယ်နီချစ် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခိုင်သဇ္ဇာမျိုး (၁၄/ကကန(နိုင်)၁၀၁၇၉၀) နှင့် ဒေါ်သင်းသင်းမာ (၉/ကပတ(နိုင်)၀၀၆၆၇၁) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဒေါ်ခိုင်ခိုင်စန်း** | **ဒေါ်နှင်းနုလွင်** |
| ( LL.B, D.B.L, D.I.L ) | ( LL.B ) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## အများသိစေရန် ကြေညာခြင်း

မြေကွက်အမှတ် ၁၄၄၅/၁၀၆ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ၄၀'x ၆၀' ပါမစ်မြေကွက်အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးလှသိန်း[၁၂/ပဇတ(နိုင်)၀၀၄၀၅၃]ထံမှ ကျွန်တော် ဦးကျော်ညွန့်ဦး[၁၂/ပဘတ(ဧည့်)၀၀၀၉၅၅]သည် ၎င်းပါမစ်မြေကွက်အား စရန်ပေးချေထားပြီးဖြစ်ပါသည်။

၎င်းအထက်ပါ မြေကွက်နှင့် ပတ်သက်ပြီး အပေါင်နှံ၊ အမွေဆိုင် အကြောင်းအရာ တစ်စုံတစ်ရာရှိခဲ့လျှင် ယနေ့မှစတင်၍ (၇) ရက်အတွင်း ကြိုတင်ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ဦးကျော်ညွန့်ဦး[၁၂/ပဘတ(ဧည့်)၀၀၀၉၅၅]**
**အမှတ်(၂၁၃)၊ ၃၂ လမ်းအထက်၊ ပန်းဘဲတန်း၊ ရန်ကုန်။**
**Ph:09-5109876, 09-5131785**

## အများသိစေရန်ကြော်ငြာခြင်း

**ရန်ကုန်မြို့၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လှိုင်ကော်လမ်း၊ အမှတ်(၁၁၆၁)ရှိ (အလျား ၂၂ ပေ x အနံ ၆၀ ပေ) မြေနှင့်အိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးချစ်ငွေ [၁၂/ဥကတ(နိုင်)၀၆၇၀၈၃]မှ ကျွန်ုပ်၏မိတ်ဆွေ မအေးငြိမ်းသူ [၁၂/ဒဂမ(နိုင်)၀၁၀၄၃၁]**အား မေတ္တာဖြင့် အပိုင်ပေးကမ်းပြီးဖြစ်ပါ၍ အထက်ပါ မြေနှင့်အိမ်သည် ကျွန်ုပ်၏မိတ်ဆွေ မအေးငြိမ်းသူမှ အပိုင်လက်ခံရရှိပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အား ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အငှားချထားခြင်း၊ တစ်စုံတစ်ရာပြုလုပ်ခြင်း မပြုပါရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မအေးငြိမ်းသူ** | **ဒေါ်အိသူထွန်း (စဉ်-၁၃၆၆၄)** |
| **[၁၂/ဒဂမ(နိုင်)၀၁၀၄၃၁]** | **တရားလွှတ်တော်ရှေ့နေ (LL.B)** |

**အမှတ်(၉၆)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-254190496, 09-965450595**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၅)၊ (၁၇) ရပ်ကွက်၊ ရွှေဝါ(၂)လမ်း၊ အမှတ်(၄၄၀)တွင်နေထိုင်သူ ဦးအောင်နိုင်ဝင်း [၈/မထန(နိုင်)၀၉၆၉၆၅]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၅)၊ (၁၇) ရပ်ကွက်၊ ရွှေဝါ(၂)လမ်း၊ အမှတ်(၄၄၀)နေထိုင်သော ဦးအောင်နိုင်ဝင်း၏ ညီအငယ်ဆုံးဖြစ်သူ ဦးအောင်ချမ်းဟိန်း [၁၂/လမန(နိုင်)၁၄၇၈၃၃] ကိုင်ဆောင်သူမှ အစ်ကိုအကြီးဆုံးဖြစ်သူ၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အပြင် ညီအစ်ကိုမောင်နှမဆွေမျိုးများ အပေါ် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်သဖြင့် မိသားစုစာရင်းဝင်အဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းပြုလုပ်သည့် ကိစ္စအဝဝနှင့် ပတ်သက်၍ အရှုပ်အရှင်းများဖြစ်ပေါ်လာပါက မိသားစုညီအစ်ကိုမောင်နှမများနှင့် သက်ဆိုင်မှုမရှိတော့သောကြောင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သော်သော်မင်းသူ(LL.B)** | **ဒေါ်စန္ဒာအေး(LL.B) (DBL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၁၄၅)** | **အထက်တန်းရှေ့နေ(စဉ်- ၂၇၀၅၃)** |

**အမှတ်-၇၀၅၊ သန္တာ(၁၅)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၂၂၀၁၆၉၃၊ ၀၉-၄၅၉၈၄၈၂၅၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၁၁၃)၊ ၂၆x၃၀လမ်းကြား၊ ၅၅ x ၅၆ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဖုန်းမြင့်(ခ)ဒေါ်မိမိ[၁၃/ကခန(နိုင်)၀၃၅၇၄၆]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၄၃၁၂/၂၀၁၃-၂၀၁၄ဖြင့်တောမှ မြို့ပြောင်း/သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာ**
**ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ Yankin Housing Project (2010-2011) အိမ်ရာ၊ တိုက်အမှတ်(၅/၄)၊ အခန်းအမှတ်(၁၂)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူဒေါ်မြသိင်္ဂီ [၁၂/ကတတ(နိုင်)၀၁၂၃၄၂]ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်မိုးမိုး (ခ) ခေါန်ဘူ [၁/မကန(နိုင်)၁၀၂၁၂၇]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန်ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၂၀)ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၈)ထပ်တိုက်၏ အကျယ်အဝန်း (၁၂ပေခွဲ x ၅၅ပေ)ခန့်ရှိ မြေညီထပ် (လက်ဝဲဘက်ခြမ်း) တိုက်ခန်း(၁)ခန်း၊ ပထမထပ်( လက်ဝဲဘက်ခြမ်း + လက်ယာဘက်ခြမ်း) တိုက်ခန်း (၂)ခန်း၊ ဒုတိယအထပ် (လက်ဝဲဘက်အခြမ်း) တိုက်ခန်း(၁)ခန်း၊ စုစုပေါင်းတိုက်ခန်း(၄)ခန်းနှင့်တကွ ယင်းတိုက်ခန်းများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို မြေပိုင်ရှင်ထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးခင်မောင်ဝင်း [၁၂/လမတ(နိုင်)၀၂၀၈၆၈] က လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစား အမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေများက အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လှ [၇/လပတ( ဧည့် )၀၀၀၀၂၇] နှင့် မအန်ယုတ်ကျူတ်(ခ)စန်းစန်းရီ [၁၂/လမတ(နိုင်)၀၂၈၂၃၅]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ပါးပါးနီ ( LL.B., D.B.L )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၄၇)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၂-အေ)၊ ဒုတိယထပ်၊ ၃၆လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၅၇၇၈၀၉၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၁၄)နေ (ဖခင်) ဦးသက်နိုင်+ (မိခင်)ဒေါ်ကြည်ကြည်သိန်းတို့၏သား မောင်ကြည်မင်းထွန်း [၁၂/မရက(နိုင်)၁၄၃၈၉၄] သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲမိမိသဘောအလျောက် ပြုမူဆောင်ရွက်နေသဖြင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကို မျှတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်မိဘဆွေမျိုးများနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်သိန်း**
**[၁၂/မရက(နိုင်)၀၂၁၉၇၇]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ် ၆၄၁၊ ဦးပိုင်အမှတ်(၅၅-ခ)/၃၄x၃၅ လမ်းကြား၊ ၇၆x၇၇လမ်းကြားရှိ မောင်ဖြိုး၊ မရုံအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၅၆၁/၂၀၀၀)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးသိန်းဆွေ၊ ဦးသောင်းစိန်တို့ အနက် ဦးသိန်းဆွေထံမှ စွန့်လွှတ်စာချုပ်အမှတ်(၅၆၂/၂၀၀၀)ဖြင့် ဦးသောင်းစိန်က စွန့်လွှတ်ခြင်းကို လက်ခံခဲ့ပါသည်။ ဖခင် ဦးသောင်းစိန်၊ မိခင် ဒေါ်ခင်ထွေးတို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်သော ဦးသန်းစိုးဦး [၉/မရမ(နိုင်)၀၀၁၃၃၄]၊ ဦးသန်းစိုးလွင် [၉/မရမ(နိုင်)၀၈၄၂၁၆]၊ ဦးသန်းမြအောင် [၉/မရမ(နိုင်) ၀၈၄၂၁၇]၊ ဒေါ်ချိုချိုသန်း [၉/မရမ(နိုင်)၀၈၄၁၉၈]၊ ဒေါ်ဇင်မာထွန်း [၉/ခအဇ(နိုင်)၀၀၆၆၁၇]က ဘိုးဘ အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၈၇)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက် အဆောက်အဦးမှ မြေညီထပ်၊ ခေါင်းရင်းခန်း၊ ဝဲဘက်၊ အကျယ်အဝန်း (၁၅ ပေ× ၅၅ ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတည်ရှိရာ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃/ဘီ)၊ မြေကွက်အမှတ်(၁၁၄)၊ (၀.၀၄၃)ဧက၊ နှစ်(၆၀) သက်တမ်းဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့်တို့ကို မြေအမည်ပေါက်သူများထံမှ ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိ သူဟု ဝန်ခံကတိပြုသူ ဦးမြင့်လွင် (ဘ) ဦးအုန်းမြင့် (၁၂/လမတ(နိုင်) ၀၀၁၈၆၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၈-၉-၂၀၁၃) ရက်နေ့တွင် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြေ ငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစင်မောင်ရှိ(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်(၁၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ ဟောင်ကောင်ပုံစံ(၃)ထပ်တိုက် အဆောက်အဦးမှ မြေညီထပ်၊ ခြေရင်းခန်း၊ ဝဲဘက်၊ အကျယ်အဝန်း (၁၂½ ပေ× ၅၀ ပေ)ရှိ ဟောင်ကောင်(၂)လွှာ(၁-စုံ)တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းကြူ (ဘ) ဦးစန်းလွင် (၁၂/ပဘတ(နိုင်)၀၀၇၆၁၀)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၁၈-၉-၂၀၁၃) ရက်နေ့တွင် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်၊ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေ ငြာအပ်ပါသည်၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြေငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစင်မောင်ရှိ(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## "ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ် (၉၉) ဒေါ်ကြည်ကြည်လင်း ပိုင်ဆိုင်သောအခန်းနှင့် ပတ်သက်၍ အများသိစေရန်"

အထက်ပါလိပ်စာတည်ရှိရာ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၉၉)ရှိ (၂) ခန်းတွဲ (၆) ထပ်တိုက်၏ ၅-လွှာ (ခြေရင်း/ညာဘက်)၊ အကျယ်အဝန်း ( ၁၁½' x၄၅') ရှိ ရေ၊ မီးအစုံပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာ ဦးထိန်လင်း [၁၂/လမန(နိုင်)၀၁၁၁၉၉ ] + ဦးတင်လှအောင် [၁၂/မရက(နိုင်)၀၂၅၃၉၂]တို့ထံမှ စာချုပ်အဆင့်ဆင့်ဖြင့် လွှဲပြောင်းဝယ်ယူကာ အပိုင်ရောင်းသူ ဒေါ်ကြည်ကြည်လင်း [၁၂/မရက(နိုင်)၁၃၃၅၄၆]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆို၍ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် ကျွန်ုပ်၏အမှုသည်က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းမာတင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၄)**
**အမှတ်-၄၊ ချယ်ရီလမ်း၊ တော်ဝင်ချယ်ရီအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၆)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၈၁၁၇၈၀၀**

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း(၁၈)၊ ကော့သောင်းလမ်း၊ အမှတ်(၁၂၁၄)၊ ၃-လွှာ (ခေါင်းရင်း)၊ ဒုတိယထပ် ဟုခေါ်တွင်သော ဒေါ်မြင့်မြင့်စန်းပိုင်ဆိုင်သော အခန်းနှင့် ပတ်သက်၍ အများသိစေရန်"

အထက်ပါလိပ်စာတည်ရှိရာ မြေကွက်ပေါ်ရှိ (၂) ခန်းတွဲ (၅) ထပ်တိုက်၏ အကျယ်အဝန်း (၁၉x၅၀)ပေရှိ ရေ၊ မီးအစုံပါတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အခန်းပိုင်ရှင်နှင့်မြေပိုင်ရှင်ဖြစ်သူ ဒေါ်မူမူသင်းထံမှ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်စန်း [၁၂/ဥကတ(နိုင်)၁၅၉၄၉၁]မှ တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ဝန်ခံကတိပြုပြောဆို၍ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် ကျွန်ုပ်၏ အမှုသည်က ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းမာတင့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၄)**
**အမှတ်-၄၊ ချယ်ရီလမ်း၊ တော်ဝင်ချယ်ရီအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၆)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၆၈၁၁၇၈၀၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ၃ရပ်ကွက်၊ အီဒင်လမ်း ခ၊ ဗိုလ်တထောင်ဈေးလမ်း၊ တိုက်အမှတ် (၇၄/ဘီ)၊ အခန်းအမှတ်(၄၀၄)၊ ဧရိယာ(၁၈x၅၈)ပေရှိ ရေ၊ မီးစုံတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်လက်ရောက်ထားရှိသူ ဒေါ်သိင်္ဂီမောင် [၁၀/ပမန(နိုင်)၁၉၂၅၉၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့် အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ခိုင်မျိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၆၁)**
**အမှတ်(၂၃၁)၊ အင်း၀(၃)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၆၁၇၉၈၁၁၆၊ ၀၉-၄၅၀၀၂၆၈၅၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်အမှတ်(၁၀/ဘီ) ဒုတိယထပ်၊ အလျား (၁၂)ပေ x အနံ(၃၅)ပေရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ကတိပြုလာသူ ဒေါ်နီလာဝင်း [၁၂/ပဘတ(နိုင်)၁၂၈၃၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကို[၁၂/ကတတ(နိုင်)၁၁၀၄၈၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြေညာပါသည့်နေ့ရက်မှစပြီး(၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့မွန်ဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၇၉၃၅/၃၁-၈-၂၀၁၆)**
**အမှတ်(၄၉၈)၊ အဓိပတိလမ်း၊ (၅၂)ရပ်ကွက်၊ အရှေ့ဒဂုံ။**
**ဖုန်း-၀၉-၇၆၀၄၈၀၅၇၇၊ ၀၉-၇၉၅၆၅၀၄၂၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်း၊ တိုက်အမှတ်(၂၈/အေ) ပထမထပ်၊ အလျား(၁၂½)ပေ x အနံ(၆၀)ပေရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ကတိပြုလာသူ ဒေါ်အုန်းနီ [၁၂/သဃက(နိုင်)၀၀၁၅၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကိုကို [၁၂/ကတတ(နိုင်)၀၁၀၄၈၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ယင်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြေညာပါသည့်နေ့ရက်မှစပြီး (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့မွန်ဦး**
**အထက်တန်းရှေ့နေ(စဉ်-၄၇၉၃၅/၃၁-၈-၂၀၁၆)**
**အမှတ်(၄၉၈)၊ အဓိပတိလမ်း၊ (၅၂)ရပ်ကွက်၊ အရှေ့ဒဂုံ။**
**ဖုန်း-၀၉-၇၆၀၄၈၀၅၇၇၊ ၀၉-၇၉၅၆၅၀၄၂၂**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၅၊ မြေကွက်အမှတ်- ၇၁၉ ၊ ဧရိယာ- ၀. ၀၅၅ ဧက (၄၀ ပေ × ၆၀ ပေ) ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၂၅) ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ်- ၇၁၉ ဟုခေါ်တွင်သော နှစ် (၆၀) မြေငှားဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနၣ် ဒေါ်နွယ်ဦးမွန် (၉/မမန (နိုင်) ၀၈၂၇၁၄) ၏ အမည်ပေါက်သော မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်နွယ်ဦးမွန်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီးနောက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်- ၂၅၂၂၇/ ၂၀၁၉ (၂၉-၈-၂၀၁၉) ကို ရယူထား၍ တစ်ဦးတည်း တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်သီတာပြုံး (၁၂/သဃက (နိုင်) ၀၄၃၃၁၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက် အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
**ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/နွယ်အေး၊ မြေကွက်အမှတ်-ဂ/၄၀၊ ဧရိယာ (၀.၀၂၈)ဧက မြေကွက်တည်နေရာ အမှတ်- ၇၂၊ ယုဇန(၁)လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးအေးသိန်း [၁၂/ဒပန(နိုင်) ၀၃၃၀၂၃]၊ ဒေါ်လုံး [၁၂/ဒပန(နိုင်) ၀၃၃၁၈၁] အမည်ပေါက်နှစ်(၆၀) ဂရန်မြေအား ဦးအေးသိန်း၊ ဒေါ်လုံးတို့အပေါ် တရားပြိုင်ထားကာ ဒေါ်မြမြဝင်းမှ တရားလိုပြုလုပ်၍ ဒေါပုံမြို့နယ် တရားရုံး၌ ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၇ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၇-၅-၂၀၂၂) ရက်စွဲပါစီရင်ချက် ဒီကရီအမိန့်တာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံး ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှု အမှတ်- ၉/၂၀၂၂ ၏ (၂၇-၁-၂၀၂၂)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ် တရားရုံး၏ (၃၁-၃-၂၀၂၃)ရက်စွဲပါ စာအမှတ်- ၆၈ (တ)/၁၃-၁/၂၀၂၂ဖြင့် ဘီလစ်ခန့်စာတို့တင်ပြ၍ တရားရုံးများကိုယ်စား ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်) ၀၂၉၅၃၁]မှ ဂရန်မူရင်း၊ မြေခွန်ပြေစာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ အောင်သုခ(၁၉)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၆(အရှေ့)၊ မြေကွက်အမှတ်(၁၀၈၃)၊ အိမ်အမှတ်(၁၀၈၃)အမည်ရှိ (၃၀ပေx ၆၀ပေ)အကျယ်အဝန်းရှိသော ဂရန်မြေကွက်ပေါ်တွင် တည်ဆောက်ထားသော နှစ်ခန်းတွဲငါးထပ်တိုက်၏ တတိယထပ် (မြေညီအပါ - လေးလွှာ/၎င်း အပေါ်တွင် တစ်ထပ်ကျန်)၍ တိုက်အား မျက်နှာမူလျှင်- ညာဘက်ခြမ်း-ခေါင်းရင်းခန်း) တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်လျက်ရှိသောအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သာမကယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ဆက်စပ်ပစ္စည်းတို့ကို လက်ရှိတိုက်ခန်းပိုင်ရှင်ဖြစ်သည့် ဒေါ်နီနီယဉ်ထွန်း [၁၂/ဒလန(နိုင်) ၀၃၇၇၁၆]မှ မိမိသာ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆိုပါတိုက်ခန်းကို အပြီးအပိုင် လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကြိုင် (LL.B, LLM) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၄၉)**
**တိုက်(၁)၊ အခန်း(၅၀၆)၊ သာယာရွှေပြည်အိမ်ရာ၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၆၈၈၃**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် မ/၃၄၊ ကြေးတိုင်စု(၂)လမ်း၊ ပိန္နဲကုန်းရပ်ကွက်နေ ဒေါ်အေးအေးမြင့်[၁၂/အစန(နိုင်)၀၇၆၀၉၉]၏သမီးဖြစ်သူ မယုဝါခိုင်[၁၂/အစန(နိုင်)၁၈၂၅၅၀]ကိုင်ဆောင်သူသည် မိခင်ဖြစ်သူ ကျွန်မဒေါ်အေးအေးမြင့်အပေါ် သားသမီးမပီသသောပြုမူမှုများ ပြုလုပ်သည်သာမက ရိုင်းစိုင်းစွာပြောဆိုဆက်ဆံကာရန်သူသဖွယ်ပြုကျင့်ခဲ့သည့်အတွက် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ်သတ်မှတ်၍ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

**ဒေါ်အေးအေးမြင့် [၁၂/အစန(နိုင်)၀၇၆၀၉၉]**

## အမည်ပြောင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ အ.ထ.က သုဝဏ္ဏ၊ Grade-1 တွင် ပညာသင်ကြားနေသော (ဘ) ဦးထိန်လင်း [၁၂/ပဇတ(နိုင်)၀၃၇၈၃၆]၏သား မောင်ဘုန်းခန့်ကျော်အား မောင်မြတ်ဘုန်းပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်ဘုန်းပြည့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/သုဝဏ္ဏ)၊ မြေကွက်အမှတ် (၇၅)၊ အကျယ်အဝန်း (၅၃'.၆"/၅၄' x ၆၈')ပေ၊ (၃၆၅၅-စတုရန်းပေ)၊ ဧရိယာ(၀. ၀၈၄)ဧကရှိ နှစ်(၆၀)မြေငှား ဂရန်မြေအမျိုးအစား မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သန်းရင်(CG-၀၅၈၄၉၇) အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား အမည်ပေါက်ဖြစ်သူထံမှ အရောင်းအဝယ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစောဂျိမ်း[၁၃/တကန(နိုင်)၂၉၆၃၃၈]နှင့် ဒေါ်မေခိုင်ဦး [၁/တနန(နိုင်)၀၁၂၉၈၅]တို့ထံမှ ယင်းမြေနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ ပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ ယင်းမြေနှင့် မြေပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်ပြီး မည်သူမဆိုကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများ ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုန်းသန်း (B.A(Geog), R.L,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၉)**
**အမှတ်(၃၁၀/ခ)၊ ဗလ္လိက(၁၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-254273550**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀/သမိုင်း)၊ မြေကွက်အမှတ်(၂/ဃ)ဟုခေါ်တွင်သော အမှတ်(၈၅၁)၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ မြေအကျယ်အဝန်း (၃၀ပေ x၅၀ပေ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂) ခန်းတွဲ (၃) ထပ်ခွဲတိုက်အဆောက်အဦမှ ပထမထပ်၊ တိုက်ကိုမျက်နှာမူလျှင် ညာဘက်ခြမ်း၊ အကျယ်အဝန်း (၁၅ပေ x ၅၀ပေ)၊ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသောပစ္စည်းများနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်နန်းသောင်းမြ [၉/ဂတန(နိုင်)၀၀၄၈၅၈]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** — **ဒေါ်စုစုလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** — **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၂**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(တောင်ပိုင်း)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ်(၅၆၅/က)ဟုခေါ်တွင်သော ဦးစိုးမြင့် အမည်ပေါက် (၂၀'x ၆၀')အကျယ်ရှိ ပါမစ်မြေအတွင်းမှ ခေါင်းရင်းဘက်ခြမ်း (၁၀'x ၆၀')အကျယ်ရှိ မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ကွယ်လွန်သူ မိဘနှစ်ပါး၏ သားသမီးများဖြစ်သည့် ဒေါ်သင်းသင်းအေး [၁၂/သဃက(နိုင်)၂၁၅၉၄၆] အပါအဝင် မောင်နှမ (၄)ဦးထံမှ ကျွန်တော် ဦးကျော်ဇင်မြင့် [၁၂/သဃက(နိုင်)၁၄၇၃၇၂] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို သက်ဆိုင်ရာမြေကွက်၏ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်မြင့်**
**[၁၂/သဃက(နိုင်)၁၄၇၃၇၂]**
**အမှတ်(၅၆၅/က)၊ အောင်သပြေလမ်း၊ ကြီးပွားရေးရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့ နယ်၊ (၁) ရပ်ကွက်၊ (၇) လမ်း၊ အမှတ် (၆၆၀)၊ (၄-လွှာ/A)၊ အကျယ်အဝန်း (အလျား ၁၁.၅ ပေ x အနံ ၄၈ ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စိုးယုနိုင် [၁၂/လမန(နိုင်) ၁၃၃၄၅၀] မှ တရားဝင် လက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထားဝေလှိုင် [၇/လပတ(နိုင်)၁၃၄၀၅၇]က ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဟန်စုကျော် LL.B, D.B.L, D.M.L** — **ဒေါ်ဝေဝေမွန် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၀၁)** — **အထက်တန်းရှေ့နေ (စဉ်-၅၀၄၅၇)**
**အမှတ်-၅၆၃၊ ၁၀၃ (G) ၊ MAC Tower I ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၉၅၈၀၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ တိုက်အမှတ်(၂)ဟုခေါ်တွင်သော (၈)ခန်းတွဲ (၆)ထပ်တိုက် အဆောက် အဦးမှ ဒုတိယထပ်၊ အခန်းအမှတ်( ၂၀၂ )၊ အကျယ်အဝန်း (၁၅ ပေ × ၅၀ပေ)ရှိ ဒေါ်ရင်ရင်ချို (၈) ဒေါ်ယဉ်ယဉ်ချို (၃/ဘအန(နိုင်)၀၁၈၀၆၂) အမည်ပေါက်အိုးအိမ်တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ လူနေထိုင်ခွင့် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ ဝယ်ယူ ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ဆုမွန်အောင် (ဘ) ဦးစံမြင့် (၁၄/လပတ(နိုင်)၀၀၂၆၁၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၁၈-၉-၂၀၂၃) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေ ငြာအပ်ပါသည်၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည် အထိ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ချို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ၀၉ - ၄၃၀၈၈၅၄၉

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၆၅)၊ ၃-လွှာ(ညာ) တိုက်ခန်းနှင့်စပ်လျဉ်း၍ အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၄၉)၊ ၆-လွှာနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပိုင်စိုးမိုး [၁၂/မဂတ (ပြု)၀၀၁၅၄၃]ကိုင်ဆောင်သူ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

(၂-၅-၂၀၂၃)ရက်နေ့စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးပိုင်စိုးမိုးသည် ကန်ထရိုက်တာဦးပိုင်စိုးရကျော်ထံမှ အထက်ဖော်ပြပါတိုက်ခန်း အမှတ် (၁၆၅)၊ ၃-လွှာ(ညာ) တိုက်ခန်းနှင့်တကွ စာရွက်စာတမ်းများကို လက်ရောက် လွှဲပြောင်းရယူခဲ့ပြီး မိမိ၏တပည့်ကို ယင်းတိုက်ခန်းတွင် နေထိုင်ခွင့်ပြုခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပိုင်စိုးမိုးသည် အထက်ဖော်ပြပါ အမှတ် (၁၆၅)၊ ၃-လွှာ(ညာ)တိုက်ခန်းနှင့်စပ်လျဉ်း၍ (၁၈-၇-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် မြေရှင်၏ ခွင့်ပြုချက်နှင့်အညီ တိုက်ခန်းလက်ရောက် ဝယ်ယူပိုင်ဆိုင်ကြောင်းကိုလည်း အများသိရှိစေရန်ကြေညာခဲ့ပါသည်။

ယခုအခါ အထက်ဖော်ပြပါ ကျွန်ုပ်၏မိတ်ဆွေ ဦးပိုင်စိုးမိုး လက်ရောက် ဝယ်ယူထားပိုင်ဆိုင်ထားသောတိုက်ခန်းနှင့်စပ်လျဉ်း၍ ဧရာဝတီဘဏ်၊ ရန်ကုန်(၁၇) ဘဏ်ခွဲတာဝန်ခံမှ ဦးအောင်ကျော်စိုး [၁၂/သဃက(နိုင်)၁၆၂၂၃၈] ထံသို့ (၁၇-၈-၂၀၂၃)ရက်စွဲဖြင့် ဘဏ်နို့တစ်စာတွင် ဘဏ်ငွေများပေးသွင်းခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်ပါက ဘဏ်၏စည်းမျဉ်းစည်းကမ်းများ အတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း စာပေးပို့ခဲ့သည်ကို သိရှိရပါသဖြင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သူများမှမိမိကိစ္စများကို ဤ အသိပေး ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း အပြီးဆောင်ရွက်ကြပါရန်နှင့်ပျက်ကွက်ပါက ကျွန်ုပ်၏မိတ်ဆွေသည် မိမိဝယ်ယူထားသောတိုက်ခန်းနှင့်စပ်လျဉ်း၍ တရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ်အဝဝသည်လူကြီးမင်းတို့၏တာဝန်သာ ကျရောက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်ပေးသူ** — **လွှဲအပ်ချက်အရ**
**ဦးပိုင်စိုးမိုး** — **ဦးခင်မောင်ကြီး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၈၉)**
**အမှတ်(၂၀၂)၊ ၄-လွှာ(ယာ)၊ လွတ်လပ်ရေးလမ်း၊**
**(ဃ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-5095976**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၈)၊ မဟာမြိုင် (၃)လမ်း၊ မြေကွက်အမှတ်(၃၁၀/ခ)၊ မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ ဦးထွန်းဦး အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ထံမှ အဆင့်ဆင့်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ တရားဝင် လက်ရောက် ပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသော ဦးအောင်ဆန်းဝင်း[၁၂/ရပသ(နိုင်) ၀၇၀၈၂၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးဆက် LL.B, D.M.L, D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၂၇) (၂၃-၁-၂၀၂၀)**
**အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၆)၊ STRAND Condominium**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၁၃၈၆၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေးအိမ်ရာ၊ အောင်စကြာလမ်း၊ အမှတ်- (၄၀၆/အေ)နေအိမ်နေ (ဘ)ဦးမြသန်း၏ သားဖြစ်သူကျွန်တော် ဦးမိုးမင်းဝင်း [၁၄/လပတ(နိုင်)၀၈၁၆၉၆]မှ (၁၄-၂-၂၀၁၉)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- (၁၆၃၄၅/၂၀၁၉)ဖြင့် ဦးသက်တင်အောင်[၁၂/ရကန(နိုင်)၀၀၆၈၄၄]အား လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ဤကြော်ငြာပေးသည့်နေ့မှစ၍ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိ စေရန်ကြေညာအပ်ပါသည်။

**ဦးမိုးမင်းဝင်း [၁၄/လပတ(နိုင်)၀၈၁၆၉၆]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ အမှတ်(၁၀)၊ နှစ်ခန်းတွဲ (RC) ၊ (၅)ထပ်တိုက် အဆောက်အဦ၏ မြေညီထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၄ပေx၄၄ပေ)ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံ ကတိပြုသူ ဒေါ်တင်လေးလှိုင် [၁၂/လမန(နိုင်)၀၁၅၇၈၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝဏ္ဏဖြိုး [၁၂/စခန(နိုင်)၀၆၃၄၆၇] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးမြခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၇၈၂)**
**အမှတ်(၁၅၂)၊(ဘီ-၂)ကိုယ်တော်မှိုင်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၀၅၁၁၉၂၊ ၀၉-၇၆၉၁၈၄၁၈၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေသစ္စာလမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်(၁၁)/၇(က)နေ ဖခင်ဖြစ်သူ ဦးစိန်ဝင်းထွန်း [၁၂/ရကန(နိုင်)၀၂၃၀၀၅]၊ မိခင်ဖြစ်သူ ဒေါ်သီတာဟန် [၁၂/ရကန(နိုင်)၀၂၃၀၀၆] တို့၏သားဖြစ်သူ မောင်ရဲမင်းအောင် [၁၂/ရကန(နိုင်)၀၇၃၁၅၁] သည် မိဘ၏ပြောဆိုဆုံးမမှုအား မနာခံဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ကြေညာစာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လဲ့မွန်ဦး**
**အထက်တန်းရှေ့နေ (စဉ်-၄၇၉၃၅/၃၁-၈-၂၀၁၆)**
**အမှတ်(၄၉၈)၊ အဓိပတိလမ်း၊ (၅၂)ရပ်ကွက်၊ အရှေ့ဒဂုံ။**
**ဖုန်း-၀၉-၇၆၀၄၈၀၅၇၇၊ ၀၉-၇၉၅၆၅၀၄၂၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဒေါ်သီတာမြင့် [၉/ပမန(နိုင်) ၁၄၇၉၇၇]နှင့် ဒေါ်ဆွေဇင်အေး[၁၂/ကမရ(နိုင်)၀၄၄၅၇၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉(ဒီ)၊ လူနေရပ်ကွက်အမှတ်-တောင်သူကုန်း၊ မြေကွက်အမှတ်-၂၄/က၊ မြေပိုင်မြေ-၃(ခ) ထုတ်ပေး၊ဧရိယာ(၀.၅၄၄)ဧကရှိ မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အလျား ၅၀ပေ x အနံ၆၀ပေ၊ ဧရိယာ(၃၀၀၀)စတုရန်းပေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက် ဦးကိုကိုနိုင်၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၉၁၉၉/၂၀၂၂ ရရှိသူ ဒေါ်ခင်ကြူကြူ [၁၂/အစန(နိုင်) ၁၃၉၄၉၅]က အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ အပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဒေါ်သီတာမြင့်နှင့် ဒေါ်ဆွေဇင်အေးတို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာမြင့်နှင့်ဒေါ်ဆွေဇင်အေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမြမြထွေး(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၉၇/၃၀-၄-၂၀၁၅)**
**အမှတ်-၇၀၈၊ ဣန္ဒာ(၁၁)လမ်း၊ (ဍ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-254060150**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးမြင့်
### အသက်(၆၇)နှစ်

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ယွန်းမီမီဦး၏ ဖခင်ဖြစ်သူ ဦးစိုးမြင့်သည် ၁၉-၉-၂၀၂၃ ရက် (အင်္ဂါနေ့) နံနက် ၃:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ကြည်ပြာ
### ပါမောက္ခချုပ် (ငြိမ်း)
### အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)
### အသက် (၆၃) နှစ်

ဗိုလ်ချုပ်သန်းထွတ်သိန်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ကြည်ပြာသည် ၁၄-၉-၂၀၂၃ ရက် (ကြာသပတေးနေ့) နံနက် ၁:၃၆ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလှဝင်းအောင်-ဒေါ်ခင်မြင့်အေး**
**နေပြည်တော်**

## ဦးဝင်းနိုင်
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း (၇)လမ်း၊ တိုက်(၂၉)၊ လေးလွှာ(ဘီ)နေ (ဦးဘဌေး)-ဒေါ်အမာတို့၏ သား၊ ဦးတိုးတိုးနိုင်၏ အစ်ကိုသည် ၁၈-၉-၂၀၂၃ (တနင်္လာနေ့) နံနက် ၁၁:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၂၃ (တနင်္ဂနွေနေ့) နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆပ်ကပ်လှူဒါန်းသွားပါမည်ဖြစ်ပါသဖြင့် အမှတ်(၂၉)၊ လေးလွှာ(ဘီ)၊ လှည်းတန်း (၇)လမ်း၊ (၃)ရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဦးဝိစာရလမ်းသွယ်၊ အမှတ် (၁၀၄/၃)၊ (၅-လွှာ/ခေါင်းရင်းခန်း) ဟုခေါ်တွင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးထူး [၁၂/စခန(နိုင်)၀၂၁၀၇၈]က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆန်းသော်တာ [၁၂/ဗဟန(နိုင်) ၁၀၇၆၁၀]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိသန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၁၀၃၈)**
**အမှတ်(၂၂)၊ ဦးဖိုးလမ်း၊ စမ်း(တောင်)ရပ်ကွက် စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။ Ph : 09-425014189**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရွှေသံလွင်ပန်းလှိုင်အိမ်ရာ၊ သဇင်လမ်း၊ အမှတ်(I)(3A)နေ ဒေါ်ကြင်ကြင် [၁/မကန(နိုင်)၀၁၂၈၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်၊ (၅၆၀)လိန်ပင်ကွင်း၊ မြေကွက်အမှတ်- ၄၇ခ/၄၇ဃ/၁၅ခ၊ (၀.၅၂)ဧက မြေနှင့် မြေပေါ်ရှိ PPK စက်သုံးဆီအရောင်းဆိုင်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၇-၂-၂၀၁၈)ရက်စွဲဖြင့် "မြေနှင့်အိမ်အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်" ဖြင့် ရောင်းချသူ ဒေါ်သက်သက်ဦး[၇/ကပတ(နိုင်)၀၆၃၃၅၄]နှင့် နှစ်ဦးသဘောတူ အရောင်းအဝယ်ပြုလုပ်ထားသော မြေနှင့် စက်သုံးဆီအရောင်းဆိုင်ဖြစ်ပါသည်။

သို့ပါ၍ ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ကြင်ကြင်၏ ခွင့်ပြုချက်မရဘဲ အဆိုပါမြေနှင့်အဆောက်အအုံအား တစ်စုံတစ်ယောက်မှ တစ်ဆင့်ခံ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ အာမခံထားခြင်း၊ လက်ပြောင်းလက်လွှဲပြုလုပ်ထားခြင်းတို့အား မပြုလုပ်ပါရန် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်စန်း LL.B., Advocate (စဉ်-၆၃၇၂/၁၉၉၇)**
**ဒေါ်ခင်ဝတ်ရည်ဦး LL.B., D.I.L., D.B.L. (စဉ်-၁၃၉၇၉/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ယုမိုးဟန် LL.B (စဉ်-၄၇၅၆၁) အထက်တန်းရှေ့နေ**
**အမှတ်- ၆၄/၆၆၊ (၇ဘီ)၊ ရောဝဏ်လမ်းမ၊ သာကေတမြို့နယ်၊**
**ဗိုလ်တထောင်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၆၆၃၂၃၈၃၆၊ ၀၉-၄၃၀၀၅၇၃၃၊ ၀၉-၄၄၃၀၀၅၇၃၃**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သန်းသန်းဝင်း
### အသက်(၆၇)နှစ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၏ ဇနီးဖြစ်သူ ဒေါ်သန်းသန်းဝင်း အသက်(၆၇)နှစ်သည် ၁၈-၉-၂၀၂၃ ရက် နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းဌေး၊ ဒေါ်ခင်စန်းမြင့်**
**နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်-25-E7၊ မြေကွက်အမှတ်-၈၇၊ ဧရိယာ (၀.၀၇၂)ဧက၊ မြေကွက်တည်နေရာ- အမှတ်- ၃၉၊ သီတာလမ်း၊ ဆေးရုံးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ မောင်မြတ်စိုး(ခ)ယုဝေ(ခ)မြစိုး [၁၂/ဗဟန(နိုင်)၀၈၀၂၅၁] အမည်ပေါက် နှစ်(၉၀) မြေငှားဂရန် (သက်ကုန်) မြေအား အမည်ပေါက် မောင်မြတ်စိုး(ခ)ယုဝေ(ခ)မြစိုးသည် (၁၉-၂-၂၀၁၆) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ဒေါ်တင်တင်အောင်က ကွယ်လွန်သူ မောင်မြတ်စိုး(ခ)ယုဝေ(ခ)မြစိုးတွင် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ၎င်းသာကျန်ရှိပါကြောင်း၊ အခြားသောဇနီး/မယား တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ အထက်ဖော်ပြပါမြေကွက်အား ခင်ပွန်းဖြစ်သူ သက်ရှိထင်ရှားရှိစဉ်ကတည်းက အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့လည်းမရှိပါကြောင်း၊ ခင်ပွန်းဖြစ်သူကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံးတွင် ဒေါ်တင်တင်အောင် [၁၂/ဗဟန(နိုင်)၀၃၂၀၁၁] က ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်- ၁၉၃၉/၂၀၂၃ (၂၄-၃-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးမြတ်စိုး၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ နှစ်(၉၀)မြေငှားဂရန်တို့ကိုတင်ပြ၍ ဒေါ်တင်တင်အောင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၆၂၂/၂၀၁၈ (၁၆-၁-၂၀၁၈)ဖြင့် GP ရရှိသူ ဒေါ်ကေသွယ်ဦး [၁၂/ ဗတထ(နိုင်)၀၂၇၆၈၀]က GP ၊ GP ပေးသူသည် ယနေ့တိုင် သက်ရှိထင်ရှားရှိကြောင်းနှင့် GP ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးတွင် ကျမ်းကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်- ၂၅၄၁/၂၀၂၂(၆-၁၂-၂၀၂၂)ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခိုင်သဇင်နှင့် အများသိစေရန်

(၁၂-၉-၂၀၂၃)နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂၄ တွင် သိမ်ဖြူလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁F)၊ မြေကွက်အမှတ်(V-၁၂၅)ဟု ခေါ်တွင်သောမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်-၄၉၀၊ မြေညီထပ်ဟုခေါ်တွင်သော တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ဒေါ်ခိုင်သဇင်[၁၂/မဂတ(နိုင်)၀၇၂၁၄၁]၏ ကန့်ကွက်ပါကြောင်းကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းပေးရန် အသိပေးကြေညာခြင်း။

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ သိမ်ဖြူလမ်း၊ အမှတ်(၄၉၀)နေ ဦးဟန်ထွန်း[၁၂/မဂတ(နိုင်)၀၄၅၁၇၈] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ -

အထက်ဖော်ပြပါ မြေကွက်နှင့်မြေညီထပ်တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးဟန်ထွန်းအမည်ဖြင့်ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ ဦးဟန်ထွန်းသည် အဆိုပါမြေညီထပ်တိုက်ခန်းတွင် ဖခင်ဖြစ်သူ ဒေါက်တာမဂျစ်အား ကွယ်လွန်ချိန်အထိ ကြည့်ရှုစောင့်ရှောက်ရန် အတူတူနေထိုင်ခြင်းသာဖြစ်ပါသည်။ ဒေါ်ခိုင်သဇင်မှ အထက်ဖော်ပြပါမြေကွက်နှင့် တိုက်ခန်းသည် ဒေါက်တာမဂျစ် နေထိုင်ပိုင်ဆိုင်ခဲ့သော ပစ္စည်းဖြစ်ပါကြောင်း ပြောဆို၍ အရောင်းအဝယ်ကန့်ကွက်ခြင်းသည် မဟုတ်မမှန်ပြောဆို ကန့်ကွက်ခြင်းသာဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် တိုက်ခန်းသည် ဦးဟန်ထွန်း အမည်ပေါက်ပိုင်ဆိုင်သော ပစ္စည်းဖြစ်၍ ရောင်းချခြင်းသာဖြစ်ပြီး ဒေါ်ခိုင်သဇင် ဆိုသူနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိပါ။ ထို့ကြောင့် (၁၂-၉-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာပါ ကြေညာချက်အား ဒေါ်ခိုင်သဇင်မှ အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။ ရုပ်သိမ်းခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေ ဦးဟန်ထွန်း၏ ဂုဏ်သိက္ခာကျဆင်းစေမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဖြူမင်း (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၂၈၁၈၈)**
**အမှတ်(၄၉)၊ အထက်မန္တလေးလမ်း၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၉-၄၀၄၆၂၆၉၃၁၊ ၀၉-၇၈၆၉၃၀၅၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဏ/၄၀)၊ လူနေရပ်ကွက်အမှတ် (ဏ/၁၄)၊ သုခမိန်လမ်း၊ မြေကွက်အမှတ် (၁၅၇၀/ခ)၊ အကျယ်အဝန်း (အလျား ၂၀'x အနံ ၆၀') (၁၂၀၀ စတုရန်းပေ)ရှိသော မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ပါမစ် အမည်ပေါက်ဖြစ်သူ ဦးတင်လှ (ISN-049272) အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးချမ်းမြေ့အောင် [၁၄/ပသန(နိုင်)၁၉၆၇၇၈]သည် မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချမည်ဖြစ်ကြောင်း စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းလှိုင် [၁၂/လမန(နိုင်)၀၆၁၇၆၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၁၈-၉-၂၀၂၃) ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LLB, WIPO, Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
### ဒေါက်တာဦးမျိုးမြင့် (ထားဝယ်)
### အသက် (၈၇) နှစ်

ထားဝယ်မြို့၊ ဇရစ်ရပ်နေ (ဦးဘအို-ဒေါ်စောခင်)တို့၏သား၊ (ဦးဘရုံ-ဒေါ်အေးသစ်)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အောင်ဇေယျမြို့တော်၊ ပုဂံ(၅)လမ်း၊ အမှတ်၆၅(က)နေ ဒေါ်အုန်းကြွယ်၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးစိုးညွန့်)၊ (ဒေါ်မေကြွေ-ဦးညွန့်လှိုင်)၊ (ဦးကြည်စိန်-ဒေါ်ကြည်ကြည်)၊ (သခင်ဗသိန်းတင်-ဒေါ်မိလေး)၊ (ဗိုလ်မှူးကြီးဖေသက်-ဒေါ်တင်ညွန့်)၊ (ဦးဖေညွန့်-ဒေါ်ကြည်)၊ ဒေါ်သန်းစု၊ [ပါမောက္ခဒေါက်တာဦးစိုးမြင့်(ငြိမ်း)-ပါမောက္ခဒေါ်အုန်းကြည်(ငြိမ်း)]၊ (ဗိုလ်မှူးကြီးမျိုးအောင်-ဒေါ်ကြင်ဝါ)၊ (ဦးမြင့်အောင်-ဒေါ်တင်ညွန့်)၊ (ဦးမြင့်မောင်)-ဒေါ်ကြည်ဝင်းတို့၏ ညီမောင်၊ ဒေါက်တာဒေါ်တင်စန္ဒာမျိုး(သားဖွားမီးယပ်အထူးကု၊ ပန်းလှိုင်ဆေးရုံ)၊ ဒေါ်နှင်းအိခိုင်မျိုး၊ ဒေါ်ဟေမာဝတီ၊ ဒေါက်တာစန္ဒာမျိုးမြင့်(Auston University)တို့၏ ချစ်လှစွာသော ဖခင်၊ မောင်သက်ဝေအောင်၏ ချစ်လှစွာသောအဘိုး ဒေါက်တာဦးမျိုးမြင့်(ထားဝယ်)သည် ၁၉-၉-၂၀၂၃(အင်္ဂါနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၂၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီ တွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
### ဒေါက်တာဦးမျိုးမြင့် (ထားဝယ်)
### အသက် (၈၇) နှစ်

ထားဝယ်မြို့၊ ဇရစ်ရပ်နေ (ဦးဘအို-ဒေါ်စောခင်)တို့၏သား၊ (ဦးဘရုံ-ဒေါ်အေးသစ်)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အောင်ဇေယျမြို့တော်၊ ပုဂံ(၅)လမ်း၊ အမှတ်၆၅(က)နေ ဒေါ်အုန်းကြွယ်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာအောင်ထွန်းသက်-ဒေါ်ဆွေဆွေသိန်း၊ (ဒေါ်တင်မြမူ-ဦးဖေမြင့်)၊ (ဒေါက်တာပြည်ညွန့်)-ဒေါက်တာခင်မာအေး၊ (ဦးတင်ထွန်းသက်)-ဒေါ်မေစန်းမြင့်၊ (ဒေါ်တင်စောမူ-ဦးအောင်သင်း)၊ (ဒေါ်တင်ထွေးမူ)၊ Mr.& Mrs.Sydney Tan၊ ဦးဦးမြင့်-ဒေါ်ခင်မြအိ၊ (ဒေါ်အေးအေးသက်)၊ (ဒေါ်မေမေသက်)၊ (ဦးနေထွန်းသက်)-ဒေါ်ခင်ဝေကျော်၊ ဒေါ်စန်းစန်းသက်၊ ဦးသိန်းထွန်းသက်-ဒေါ်နွဲ့နွဲ့ဦး၊ ဦးစောအောင်-ဒေါ်ဆွေဆွေမြင့်၊ ဦးသန်းအောင်-ဒေါ်နီနီ၊ ဦးထင်အောင်-ဒေါ်မွန်၊ ဒေါ်သီဂီအောင်၊ ဦးထင် အောင်မြင့်-ဒေါက်တာမေသန်းနီ၊ ဒေါက်တာသီတာမြင့်-ဒေါက်တာရဲထွဋ်၊ ဒေါ်မြင့်မြင့်စိုး-ဦးသက်တင်၊ ဦးဇော်အောင်မြင့်-ဒေါ်ခင်စိုးနွယ်၊ ဦးမေတ္တာအောင်-Ms Nanthanwan Udom Sak၊ ဒေါ်စန္ဒာအောင်-Mr.Robert George Steben (ဦးလွင်အောင်)-ဒေါ်အိရွှေစင်အေး၊ ဒေါ်မာလာအောင်၊(ဦးငြိမ်းချမ်း)၊ (ဒေါ်ရူပါမြင့်)၊ ဒေါ်ဥမ္မာမြင့်တို့၏ချစ်လှစွာသော ဦးလေး/ဘကြီး ဒေါက်တာဦးမျိုးမြင့်(ထားဝယ်)သည် ၁၉-၉-၂၀၂၃(အင်္ဂါနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၂၃(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီ တွင် ထွက်ပါမည်။)

**ကျန်ရစ်သူ တူ၊ တူမများ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့သစ်အရှေ့ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ် (၁၆) ဟုခေါ်တွင်သော ကွင်းအမှတ်- ၂၀၊ အကွက်အမှတ်- ပန်းခြံကွက်၊ ဦးပိုင်အမှတ် - ၁၆၂/၁-ဃ၊ ဧရိယာ (၀.၀၅၆)ဧကရှိ ဒေါ်ခင်ခင်ရွှေအမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၃၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ခင်ရွှေ [၁၂/သလန(နိုင်)၀၃၀၃၅၂]ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်လွင်ဦး (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၉၅) (၃-၄-၂၀၁၂)**
**အမှတ် (၅၀)၊ ဒုတိယထပ်/ဝဲ၊ အခန်း (၉)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၂၁၄၂၂၊ ၀၉-၉၆၅၀၂၁၄၂၂**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ခင်နန်းမွန် [၁၂/ပဇတ (နိုင်) ၀၁၈၁၈၈]၊ ကိုင်ဆောင်သူ အမှတ်(၉)၊ (၉၇)လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၉) လမ်း၊ အမှတ်(၁၅)၊ (၂)ခန်းတွဲနှစ်ထပ် (၁၅'x၆၀') အကျယ်(၄)ခန်းပါ အဆောက်အဦအနက်မှ မြေညီထပ်နှစ်ခန်းနှင့် အဆောက်အဦကိုမျက်နှာမူလျှင် (လက်ဝဲဘက်ပထမထပ်အခန်း)တစ်ခန်း၊ စုစုပေါင်းအခန်း (၃)ခန်း ကျွန်ုပ်၏အမှုသည် ဒေါ်ခင်နန်းမွန်၏ ခင်ပွန်း ကွယ်လွန်သူ ဦးလှရွှေ [၁၂/မဂတ (နိုင်) ၀၅၄၄၄၀]ကိုင်ဆောင်သူမှ မူလနေထိုင်သူများထံမှ တရားဝင်စာချုပ်စာတမ်းများဖြင့် ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူလက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် အဆိုပါ နှစ်ထပ်အဆောက်အဦကို ပြုပြင်မွမ်းမံ၍ ငှားရမ်းထား၍ စီမံခန့်ခွဲပြီး အကျိုးခံစားခဲ့သည်မှာ (၂၅) နှစ်ခန့်ကြာမြင့်ပြီးဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်နှင့် ကျွန်ုပ်အမှုသည်၏သား (၃) ဦး ဖြစ်ကြသော (၁) မောင်ဇာနည်မောင်မောင်၊ (၂) မောင်သူရမောင်မောင်၊ (၃) မောင်တေဇမောင်မောင်တို့သည် အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဖခင် ဦးလှရွှေ ပိုင်ဆိုင်ကျန်ရစ်ခဲ့သော ဖော်ပြပါအခန်း(၃) ခန်းကို အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ကျွန်ုပ်အမှုသည်နှင့် သား (၃) ဦးတို့၏ ဂုဏ်သိက္ခာကို ထိခိုက်ရန် ရည်ရွယ်ချက်ဖြင့် မည်သူမဆို မဟုတ်မမှန် ပြောဆိုရေးသားခြင်းများ ပြုလုပ်လာပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းကြည်မေ(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၂၁)(၈-၂-၂၀၀၅)**
**အမှတ်- ၁၁၂ (မြေညီ)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း- ၀၉-၄၄၀၇၁၉၀၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/တောင်၊ မြေကွက်အမှတ်- ၄၇၆/ခ၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာ- အမှတ်- ၄၇၆/ခ၊ အောင်မေတ္တာလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ၁။ ဦးစောအောင် [၁၂/သကတ(နိုင်) ၀၇၈၇၈၃]၊ ၂။ ဦးတင်ရီ [၁၂/တမန (နိုင်) ၀၈၄၄၄၁]၊ ၃။ ဒေါ်မြသွေး [၁၂/သကတ (နိုင်)၀၀၆၀၈၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် (၃)ဦးအနက် (၁)ဦးဖြစ်သူ ဦးစောအောင် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းမြင့် [၁၂/သကတ (နိုင်)၀၇၈၈၁၇]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၃၄၅၀/၃-၃- ၂၀၂၂ ဖြင့်လည်းကောင်း၊ ကျန်အမည်ပေါက်များဖြစ်ကြသော ဦးတင်ရီထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၃၃၉၂/၁-၃-၂၀၂၂ ဖြင့်လည်းကောင်း၊ ဒေါ်မြသွေးထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၄၆၀၆/၂၁-၃- ၂၀၂၂ ဖြင့် လည်းကောင်း အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်နီလာဝင်း [၁၂/ပဘတ(နိုင်) ၀၂၂၇၉၂]မှ ပါဝါ၊ ပါဝါမရုပ်သေးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ဦးစောအောင်၏ တစ်ဦးတည်းသော တရားဝင် ဇနီးဖြစ်ကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ မိမိသာလျှင် ပိုင်ဆိုင်ကြောင်း၊ အခြားအမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ဒေါ်သန်းမြင့်၏ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ (၂)စောင်၊ ဦးစောအောင်၏ သေဆုံးမှုလက်မှတ်၊ ဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုး/မွေးမြူရေးသည် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်...**

❖ **တိုင်းပြည်စားရေရိက္ခာပေါများရေး၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးသည် မိမိတို့၏ မျှော်မှန်းချက်ဖြစ်...**

❖ **အခြေခံစားကုန်များ၊ သားငါးများ ဒေသအလိုက် ဖူလုံအောင်ကြိုးစားရမည်ဖြစ်သကဲ့သို့ စိုက်ပျိုး/မွေးမြူရေးကိုအခြေခံသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးသည်လည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်...**

❖ **ထို့ကြောင့် ရရှိထားသောရလဒ်များကို ကျေနပ်မနေဘဲ အရေအတွက်ရော အရည်အသွေးပါ ပိုမိုကောင်းမွန်သည့် စိုက်/မွေးထုတ်ကုန်များ ရရှိအောင် ဆောင်ရွက်ပေးကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ခုနှစ်၊ မေလ ၅ ရက်နေ့တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်ပိုင် မြန်မာအမျိုးသားလေကြောင်းမှ လေကြောင်းကုန်စည်ပို့ဆောင်ရေး ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲ



**နေပြည်တော် စက်တင်ဘာ ၁၉**

နိုင်ငံတော်ပိုင် လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းသည် ခရီးသည်တင် လေယာဉ်ခရီးစဉ်များကိုသာ ပျံသန်းပြေးဆွဲလျက်ရှိရာမှ လေကြောင်းဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်ရေးကိုပါ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် လေကြောင်းကုန်စည်ပို့ဆောင်ရေး ခရီးစဉ်များကိုပါ ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမဦးဆုံး လေကြောင်းကုန်စည်ပို့ဆောင်ရေး ခရီးစဉ်အဖြစ် Boeing 737-400 အမျိုးအစား ကုန်တင်လေယာဉ်ဖြင့် စက်တင်ဘာ ၁၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ စတင်ပျံသန်းပြေးဆွဲခဲ့သည်။

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆**

**ယနေ့ ဖတ်စရာ**

**ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းရှိ ဟာလောင်း ပင်လယ်အော်နှင့် ကတ်ဘာကျွန်းစုတို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် နေရာများအဖြစ် ယူနက်စကိုက သတ်မှတ်**

စာမျက်နှာ » ၁၃

**မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၁၆၈၀ တန်ဖိုးရှိ တရားမဝင် သယ်ဆောင်လာသည့် ဓာတုပစ္စည်းများ သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

## အာရှအားကစားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲတွင် မြန်မာအမျိုးသားအသင်း နိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၁၉**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို စက်တင်ဘာ ၁၉ ရက်က စတင်ကျင်းပရာ မြန်မာအမျိုးသားအသင်း နိုင်ပွဲရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲတွင် နိုင်ပွဲရယူနိုင်သော်လည်း ဘင်္ဂလားဒေ့ရှ်အသင်း၏ တုံ့ပြန်မှုကြောင့် ရုန်းကန်ခဲ့ရပြီး လက်ဆောင်ဂိုးကြောင့်သာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် နိုင်ပွဲရယူနိုင်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိလာသည်။

မြန်မာအသင်းသည် ပြည့်ဖြိုးသူ(ဂိုး)၊ သက်ဟိန်းစိုး၊ ဟိန်းဇေယျာလင်း၊ ဖွဲခန့်မင်း၊ ကောင်းထက်ပိုင်၊ ဇင်ကိုထက်၊ ဝေလင်းအောင်၊ နေမိုးနိုင်၊ ဇော်ဝင်းသိန်း၊ ထက်ဖြိုးဝေ၊ ရန်ကျော်ထွေးတို့ဖြင့် ပွဲထွက်ခဲ့သည်။

**စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖**




မြန်မာအသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့ ယှဉ်ပြိုင်ကစားနေသည်ကို တွေ့ရစဉ်။